၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.846, December 25, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@gmail.com , koko@gol.com

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်

**VOA၊ ဒီဇင်ဘာ ၂၃ ။** ။ နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်လိုက်ပါပြီ။

NLD ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ကိုယ်တိုင် နေပြည်တော်ကိုသွားပြီး ဒီနေ့ သောကြာနေ့မှာ ရွေးကောက်ပွဲကော်မရှင်မှာ လက်မှတ်ထိုးမှတ်ပုံတင်လိုက်တာဖြစ်ပါတယ်။ နေပြည်တော်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ လွှတ်တော်နှစ်ရပ်တို့ရဲ့ဥက္ကဋ္ဌတွေနဲ့လည်း သီးခြားစီတွေ့ဆုံခဲ့ပါတယ်။

လူအများစိတ်ဝင်တစား စောင့်ကြည့်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီက နိုင်ငံရေးပါတီ မှတ်ပုံတင်လျှောက်လွှာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ တင်လိုက်ပါပြီ။ ပါတီမှတ်ပုံတင်ဖို့ ဆောင်ရွက်စရာတွေ ဆောင်ရွက်နေတဲ့ အချိန်တွင်းမှာပဲ ကော်မရှင်ဥက္ကဋ္ဌဦးတင်အေးနဲ့ NLD ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးဖြစ်တဲ့အကြောင်း ပြောခွင့်ရသူ ဦးညာဏ်ဝင်းက ခုလိုပြောပြပါတယ်။

"ကော်မရှင်ဥက္ကဋ္ဌအနေနဲ့လည်း တိုင်းပြည်အကျိုးရှိဖို့၊ ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီဖြစ်ဖို့၊ ဒါတွေကို သူ့ရဲ့တာဝန်လည်းဖြစ်တယ်၊ သူလုပ်မယ်ဆိုတဲ့အကြောင်းလည်း ပြောပါတယ်။ တိုင်းပြည်တိုးတက်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်မှသာ ထိရောက်မြန်ဆန်မယ်ဆိုတဲ့ဟာကိုလည်းပဲ အိုင်ဒီယာကိုလည်း ပြောပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကတော့ ရွေးကောက်ပွဲ ဘယ်တော့ကျင်းပနိုင်မလဲဆိုတာရယ်၊ နောင်လိုအပ်တဲ့အခါမှာ မသိတာ၊မရှင်းလင်းတာတွေကိုမေးမြန်းဖို့တွေ့ဆုံခွင့်၊ဒါတွေကိုပြောပါတယ်။ ဒါကို ကော်မရှင်ဥက္ကဋ္ဌကလည်း လက်ခံပါ တယ်။"

အဲဒီတော့ သူတို့ ရွေးကောက်ပွဲ ဘယ်တော့လုပ်မယ်ဆိုတာကို သူတို့ အန်ကယ်တို့ကို ပြောလိုက်ပါလား။

"မပြောပါဘူး။ သူ့အနေနဲ့ အဆိုပြုတင်ပြထားတာရှိတယ်။ ဒါက အတည်ပြုမှသာ သူ ပြောနိုင်မယ်ဆိုတဲ့အကြောင်း ရှင်းပြပါတယ်။"

ရွေးကောက်ပွဲလုပ်ရင် လွတ်လွတ်လပ်လပ်မျှမျှတတဖြစ်အောင် လုပ်ဖို့ကိုလည်း NLD ဘက်က ပြောခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ တိုင်းပြည်ကောင်းအောင် လုပ်နိုင်မယ်လို့ယုံကြည်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကိုကြိုဆိုတယ်လို့ လွှတ်တော်ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက မကြာခင်ရက်ပိုင်းကပဲ ပြောထားတာရှိတဲ့အတွက် တွေ့ဆုံတဲ့အခါမှာရော ဘယ်လိုမြင်ရသလဲလို့ NLD ပြောခွင့်ရသူ ဦးညာဏ်ဝင်းကို မေးကြည့်ပါတယ်။

"လှိုက်လှိုက်လှဲလှဲကြိုဆိုတယ်။ အားလုံးစိတ်ထဲ တရားမျှတမှု၊ တိုင်းပြည်တိုးတက်မှုနဲ့ပတ်သက်ပြီး သူ့စိတ်ထဲရှိတာတွေကိုလည်း သူ ရှင်းပြတယ်။"

နေပြည်တော်မှာ ပါတီမှတ်ပုံတင် လျှောက်လွှာတင်တဲ့ခရီးစဉ်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းတို့နဲ့သီးခြားစီတွေ့ဆုံခဲ့ပါတယ်။ ဦးခင်အောင်မြင့်နဲ့ဒေါ်အောင်ဆန်းစုကြည်တို့ နာရီဝက်လောက်တွေ့ဆုံမှုအတွင်းမှာ လွှတ်တော်ရဲ့ဆောင်ရွက်မှုတွေနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်မေးတာတွေကို ဖြေခဲ့တယ်လို့ ဦးခင်အောင်မြင့်က သတင်းထောက်တွေကို ပြောပါတယ်။

ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အဓိကလုပ်နေတဲ့ လွှတ်တော်ထဲ ဒေါ်အောင်ဆန်းစုကြည်ရောက်လာရင် ပိုပြီးအားရှိတယ်လို့လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကပြောပါတယ်။

နေ့ချင်းပြန် နေပြည်တော်သွားတဲ့ ခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းနဲ့လည်းသီးခြားတွေ့ဆုံ ပါ

**စာမျက်နှာ ၅ သို့**

**နိုင်ငံရေးအကျဉ်းသားတွေနှစ်ဆန်းမှာ နှစ်သုတ်ခွဲလွှတ်မယ့် သတင်းတွေ ထွက်ပေါ်** — **စာမျက်နှာ ၃**

**ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းဝန်ကြီးချုပ် ယင်းလပ်တွေ့ဆုံ** — **စာမျက်နှာ ၅**

**ထားဝယ်ရေနက်စီမံကိန်းအတွက် ကျေးရွာ ၂၁ ရွာ ရွှေ့ပြောင်းပေးရမည်** — **စာမျက်နှာ ၁၀**

**ပြိုင်ပွဲဝင်မယ့် "အဲဒီအခန်းဖြတ်" ဇာတ်ကားအဖြစ်မှန် ဟု ဒါရိုက်တာပြော** — **စာမျက်နှာ ၁၄**

**ချင်းအမျိုးသားနေ့ ကျင်းပရေး ပြည်နယ်ဝန်ကြီးချုပ်က လက်မခံ** — **စာမျက်နှာ ၁၆**

**မြန်မာ့အရေးအား ပေးထောက်ခံခဲ့သူ ဘားကလက်ဟာဘဲလ် ကွယ်လွန်** — **စာမျက်နှာ ၁၉**

VOB
အာဘော်

# စီးပွားရေးမျှော်လင့်ချက်ကောင်းများ

မြန်မာနိုင်ငံ နေပြည်တော်တွင် မဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင် ရွက်ရေး ထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်၊ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးခဲ့၍ မြန်မာနိုင်ငံသားတယောက်အနေဖြင့် များစွာဂုဏ်ယူမိသည်။ မြန်မာနိုင်ငံ၏ အနာဂါတ်စီးပွားရေးမျှော်လင့်ချက်တွေ ဖြစ်ထွန်းလာတော့မည်ဟု ယူဆသည်။

အိမ်နီးချင်းနိုင်ငံများနှင့်ချစ်ခင်ရင်းနှီးမှုကိုဖော်ဆောင်နိုင်ခဲ့၍မြန်မာနိုင်ငံ၏အနာဂါတ်အလားအလာကို မျှော်လင့်ကြီးစွာ မှန်းဆ၍ ဝမ်းသာမိသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလတွင် ယခုလို အိမ်နီးချင်းနိုင်ငံများနှင့် မဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကြောင့် မြန်မာလူထုကြီး အားတက်ကြမည်မှာသေချာသည်။ စီးပွားရေးအခွင့်အလမ်းတွေ မျှော်လင့်ချက်တွေ တိုးတက်လာတော့မည်ဟု ယုံကြည်သည်။

ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် မဟာမဲခေါင်ဒေသခွဲအတွင်းသ ဘာဝအရင်းအမြစ်ကြွယ်ဝသော နိုင်ငံများဖြစ်ကြသည်၊ ဒေသတွင်း နိုင်ငံအချင်းချင်း ပေါင်းစည်းဖွံ့ဖြိုးရေး ကြိုးပမ်းခဲ့ကြရာ အပြန်အလှန်အကျိုးသက်ရောက်မှုများရရှိခဲ့သည်၊ လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းတို့တွင် တိုးတက်မှုရလဒ်များ တိုးတက်ဖြစ်ထွန်းတော့မည်ဖြစ်မည်ဟု မျှော်လင့်သည်။

မဲခေါင်ဒေသပူးပေါင်းဆောင်ရွက်မှုမှ တဆင့် ဒေသခံလူထုအနေဖြင့် တဦး နှင့်တဦးချစ်ကြည်ရင်းနှီးမှုနားလည်ယုံကြည်မှုများ ရရှိလာခြင်းအားဖြင့် အနာဂါတ်မဲခေါင်ဒေသ၏ မျှော်မှန်းချက်များ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ယခင် စစ်အာဏာရှင်စနစ်ဆိုးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု များစွာ နောက်ကျနေသည့် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေးသို့ တက်လှမ်းနေသည့်အချိန်တွင် ယခုလို စီးပွားရေးမျှော်လင့်ချက်ကောင်းများဖြစ်ထွန်းလာမှုသည် များစွာအားတက်စရာဖြစ်သည်။

ယနေ့အချိန်တွင် အရေးကြီးဆုံးမှာ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ဥပဒေစိုးမိုးရေးဖြစ်သည်၊ လွတ်လပ်မှုရောင်ခြည် မြင်နေရချိန်တွင် ဥပဒေစိုးမိုးမှုအောက်မှ မြန်မာလူထုကြီးသည် မိမိတို့မျှော်မှန်းချက်များ၊ စီးပွားရေးအခွင့်အလမ်းများကို ဥပဒေဘောင်အတွင်းမှ လွတ်လွတ်လပ်လပ်လုပ်ခွင့်ရတော့မည်ဖြစ်သည်။

အခြေခံကောင်းသော လူသားအရင်းအမြစ်၊ သဘာဝသယံဇာတ အရင်းအမြစ်များပေါ်များသော မြန်မာနိုင်ငံတွင် ပြည်သူလူထုအားလုံး လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်ခွင့်ရမည်ဆိုပါက မြန်မာနိုင်ငံသည် လာမည့်နှစ်တိုအတွင်းမှာပင် အလျှင်အမြန် ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံဖြစ်လာမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

# ပြည်ပရောက် မြန်မာတွေပေးဆောင်နေရတဲ့ ဝင်ငွေခွန် ကင်းလွတ်ခွင့် ပြုကြောင်း ထုတ်ပြန်ကြေညာ

**DVB၊ ဒီဇင်ဘာ ၂၃ ။** ။ ပြည်ပရောက် မြန်မာနိုင်ငံသားတွေ ပေးဆောင်နေရတဲ့ ဝင်ငွေခွန်တွေကို လာမယ့် ၂၀၁၂ ခုနှစ် ဇန်နဝါ ရီလ ၁ ရက်နေ့ကစပြီး ကင်းလွတ်ခွင့်ပြုကြောင်း မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ဒီဇင်ဘာလ ၂၁ ရက်နေ့ နေ့စွဲနဲ့ ထုတ်ပြန်ကြေညာချက်ကို မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မျိုးကြည် လက် မှတ်နဲ့ ထုတ်ပြန်ထားတာဖြစ်ပြီး အစိုးရပိုင် သတင်းစာတွေမှာလည်း ဖော်ပြထားပါတယ်။ ပြည်ပနေ မြန်မာနိုင်ငံသားများက နိုင်ငံခြားငွေနဲ့ရရှိတဲ့ လစာခေါင်းစဉ်အောက်မှာ ဝင်ငွေစုစုပေါင်းအပေါ် နိုင်ငံခြားငွေနဲ့ ပေးဆောင်ရတဲ့အခွန်ကို ဝင်ငွေခွန်ပုဒ်မ ဥပဒေ ၅ အပိုဒ်ခွဲ (ခ) အရ ကင်းလွတ်ခွင့်ပြုလိုက်ကြောင်း ဖော်ပြထားပါတယ်။

"အခုလိုအခွန်ကင်းလွတ်ခွင့်ပြုလိုက်တဲ့အပေါ် မြန်မာနိုင်ငံ ရှေ့နေများကောင်စီဥက္ကဋ္ဌ ဦးသိန်းဦးက "မြန်မာနိုင်ငံသားတွေ အပေါ်မှာ အခွန် ၂ ခုကောက်တဲ့ စနစ်အပေါ်မှာ အခု မြန်မာနိုင်ငံကနေပြီးတော့ အခွန်မကောက်တော့ဘူး။ သက်ဆိုင်ရာ အလုပ်လုပ်တဲ့ နိုင်ငံတွေကပဲ အခွန်ကောက်မယ်။

မြန်မာနိုင်ငံအတွက်အခွန်တွေကို ပယ်ဖျက်ပေးလိုက်တယ်ဆိုတဲ့ ကြေညာချက်ဟာ ကောင်းမွန်ပါတယ်။ အကျိုးရှိတဲ့ အလားအလာတွေမြင်တွေ့ရတယ်။ အလုပ်လုပ်တဲ့ လူတယောက်ဟာသက်ဆိုင်ရာ နိုင်ငံမှာ အခွန်ထမ်းဆောင်ပြီးပြီဆိုရင် သူ့ရဲ့ရပိုင်ခွင့်အားလုံးဟာ သူ့အတွက်ပါပဲ။ သူ့ရပိုင်ခွင့်ရှိတဲ့ဟာကို သူ့မိသားစုကိုပြန်လည်ထောက်ပံ့ခြင်းအားဖြင့် မြန်မာနိုင်ငံက မိသားစုတွေဟာ ချောင်လည်လာမယ်။

သူတို့ရဲ့ စားဝတ်နေရေး အာမခံချက်ရှိလာမယ်။ ဒါဆိုရင် မြန်မာနိုင်ငံဟာ အလိုအလျောက်ပဲ ပိုပြီးကောင်းမွန်တဲ့ လူနေမှုဘဝတွေ ရောက်ရှိလာပြီးတော့ မြန်မာနိုင်ငံမှာ ဆင်းရဲမွဲတေမှုတွေ ပပျောက်လာနိုင်တဲ့ အနေအထားမျိုးတွေရှိပါတယ်။ ဒါကြောင့် ကောင်းမွန်တဲ့ လုပ်ငန်းတရပ်အနေနဲ့ ကျနော်တို့ကြိုဆိုပါတယ်။"

အခုလို မြန်မာနိုင်ငံဘက်ကို အခွန်ကင်းလွတ်ခွင့် ပြုလိုက်တဲ့ ကြေညာချက်ကို ပြည်ပရောက် မြန်မာနိုင်ငံသားအများစုက ကြိုဆိုခဲ့ကြပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားတွေဟာ ရောက်ရှိနေထိုင်အ လုပ် လုပ်ကိုင်နေတဲ့နိုင်ငံအတွက် အခွန်ပေးဆောင်နေရသလို မိခင်နိုင်ငံအတွက်လည်း သံရုံးမှာ အခွန်နှစ်ထပ် ဆောင်နေကြရတာပါ။ စင်ကာပူရောက် မြန်မာနိုင်ငံသားတွေကတော့ အခွန်နှစ်ထပ် မဆောင်ရေး လှုပ်ရှားမှုတွေ ပြုလုပ်ခဲ့ကြဖူးပါတယ်။

ခုလို အခွန်ကင်းလွတ်ခွင့်ပြုလိုက်တဲ့အပေါ် စင်ကာပူရောက် မြန်မာအင်ဂျင်နီယာတဦးက "အခွန်နှစ်ထပ်မကောက်ဘူးလို့ စင်ကာပူအစိုးရနဲ့မြန်မာနိုင်ငံလက်မှတ်ထိုးထားတာရှိခဲ့ပါတယ်။ ခုလိုမကောက်တော့ကြောင်း ကြေညာတာက လုပ်သင့်တာကို လုပ်လိုက်တာပါပဲ"လို့ ပြောပါတယ်။ အရင်က ပြည်ပမှာအလုပ်လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသားတွေဟာ လစာဝင်ငွေရဲ့ ၁၀ ရာခိုင်နှုန်းကို မြန်မာသံရုံးတွေမှာအခွန်ပေး ဆောင်နေရတာ ဖြစ်ပါတယ်။

# နိုင်ငံရေးအကျဉ်းသားတွေ နှစ်ဆန်းမှာ နှစ်သုတ်ခွဲလွှတ်မယ့် သတင်းတွေ ထွက်ပေါ်

**DVB၊ ဒီဇင်ဘာ ၂၂။** ။ နိုင်ငံရေးအကျဉ်းသားတွေကို ဇန်နဝါရီ လဆန်းပိုင်းမှာ နှစ်သုတ်ခွဲပြီးတော့ အကျဉ်းထောင်တွေထဲကနေ ပြန်လွှတ်ပေးမယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေကို နှစ်သုတ်ခွဲပြီး ဇန်နဝါရီ ၄ ရက်နေ့မှာတခါ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာတခါ လွှတ်ပေးမယ်ဆိုပြီး အစိုးရရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့က တာဝန်ရှိသူတဦးဖြစ်တဲ့ ရထားဝန်ကြီးက တိုင်းရင်းသားခေါင်းဆောင်တွေကို ပြောခဲ့တာပါ။ မနေ့က ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) နဲ့တွေ့ဆုံစဉ်ပြောခဲ့တာဖြစ်ကြောင်း ကေအန်ယူမှ ဖဒိုဒေးဗစ်ထောက ပြောပါတယ်။

"အစိုးရသစ်လက်ထဲ အကျဉ်းဦးစီးဌာနက ဒီအကျဉ်းသားတွေစာရင်းကို လွှဲပြောင်းပေးတဲ့အချိန်မှာ သူတို့အနေနဲ့ ရရှိတာကအားလုံးက ရာဇဝတ်အကျဉ်းသားလို့ပဲ သူတို့သိရတယ်လေ။ ဆိုတော့ ဒီဟာကို သေချာအောင် ကိုဇာဂနာဦးစီးတဲ့ အကျဉ်းသားဟောင်းတွေကနေပြီးတော့ တထောင်ဝင် တထောင်ထွက် လိုက်လံစာ ရင်းကောက်ယူပြုစုတဲ့ဟာက အခု စာရင်းအရ ပြောမယ်ဆိုရင် ၆၀၀ နီးနီးရှိတယ်လို့ သူ အဲဒါကို ပြောပြပါတယ်။

ကျနော်တို့ အေအေပီပီကနေ တင်ပြထားတဲ့ ဦးရေနဲ့ဆိုရင်တော့ နည်းနည်းတော့ ကွာဟမှုတော့ ရှိတာကိုတော့ တွေ့ရတယ်ပေါ့လေ။ အကျဉ်းသားတွေနဲ့ပတ်သက်ပြီးတော့ လွတ်မြောက်ရေးအတွက် ဦးအောင်မင်းက ဆက်လက်ပြီး ရှင်းပြတာကတော့ ဒီ ဇန်နဝါရီလ ၄ ရက်နေ့မှာ အကျဉ်းသားတွေ လွှတ်တဲ့အခါမှာ နိုင်ငံရေးအကျဉ်းသားအချို့လည်း ပါဝင်မယ်။

နောက်ပြီးတော့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ နောက်တကြိမ်လွှတ်မယ်ဆိုရင်လည်း နိုင်ငံရေးအကျဉ်းသားတွေ ပါဝင်မယ်။ ဒီအကြိမ်ကျရင်တော့ နိုင်ငံရေးအကျဉ်းသားတွေက ကုန်သလောက်ရှိသွားပြီလို့ ကျနော်တို့ကို ပြောပြသွားတာ ရှိပါတယ်။"

ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ အေအေပီပီ အတွင်းရေးမှူး ကိုတိတ်နိုင်က .....

"အဲဒီလိုတော့ ကြားနေတာပဲ။ သို့ပေမယ့် သူတို့ ပြောတာကတော့ နှစ်သုတ်ခွဲလွှတ်မယ်၊ ဒုတိယအသုတ်မှာတော့ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးမယ်လို့ သူတို့ပြောတယ်။ သို့ပေမယ့် သူတို့က နိုင်ငံရေးအကျဉ်းသားဆိုတာကို ဘယ်လို သတ်မှတ်ထားလဲဆိုတဲ့ကိစ္စ တခါမှ မကြေညာတဲ့အခါကျတော့ ဘယ်လိုလူတွေကို လွှတ်ပေးမှာလဲ၊ အရေအတွက် ဘယ်လောက်ကို လွှတ်ပေးမှာလဲ ဆိုတာကိုတော့စောင့်ကြည့်ရမယ့် အခြေအနေမျိုးရှိတယ်။ သေချာတာကတော့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွတ်မြောက်လာဖို့အတွက်ကတော့ နည်းနည်းခက်လိမ့်ဦးမယ်ထင်တယ်။ အကန့်အသတ်အနေနဲ့ပဲ လွှတ်ပေးဖို့များ ပါတယ်။"

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အပြောအရ နိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံရေး ဆက်လုပ်မယ်ဆိုတဲ့ အကန့်အသတ်နဲ့ လွှတ်နိုင်တယ်လို့လည်း ပြောဆိုနေကြပါတယ်။ အေအေပီပီရဲ့ နိုင်ငံရေးအကျဉ်းသားစာရင်းအရ ဆိုရင်တော့ ၁၅၄၆ ဦး ရှိနေပြီးတော့ အစိုးရနဲ့ အခြားအဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးအကျဉ်းသားစာရင်းဟာ ကွာဟတာတွေရှိပါတယ်။ အစိုးရစာရင်းအရ ရာဂဏန်း အနည်းငယ်လွှတ်ပေးမှာကို အတိုက်အခံအဖွဲ့တွေက စိုးရိမ်နေကြပါတယ်။

အေအေပီပီက စာရင်းရယ်၊ အန်အယ်ဒီက စာရင်းနဲ့ ပြည်ထဲရေးဝန်ကြီးဌာနက စာရင်းတွေကတော့ ကွဲပြားနေတယ်လို့ နိုင်ငံတော်သမ္မတအကြံပေး ဦးနေဇင်လတ်က ပြောပါတယ်။

"အေအေပီပီပြောထားတဲ့ စာရင်းရယ်၊ နောက်တခါ NLD က ဒေါ်အောင်ဆန်းစုကြည်တို့ ပြောထားတဲ့ စာရင်းရယ်၊ နောက် တခါ ပြည် ထဲရေးက ပြောထားတဲ့စာရင်းရယ် အဲဒီသုံးခုကတော့ နည်းနည်းလေးကွာတယ်ပေါ့ဗျာ။ တခုရှိတာကတော့ အေအေပီပီကတော့ ကျနော်အ မှတ်မမှားရင် ၁၅၀၀ လားပြောထားတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့ဘက်က ပြောတာကျတော့ ၅၉၁ ယောက်ပေါ့ဗျာ၊ နောက်တခါ ပြည်ထဲရေးက ပြောတာကျတော့ ၅၀၀ ကျော်ပေါ့ဗျာ။ အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်ထဲရေးပြောတာကတော့ နီးစပ်တယ်ပေါ့ ဒါကတော့ နည်းနည်းလေး ဝိဝါဒလေးကွဲတဲ့ဟာဖြစ်နိုင်တယ်ပေါ့။"

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းတို့ကနေ ပြောထားပြီးတဲ့အတွက် နိုင်ငံရေးအကျဉ်းသားတွေကို အမြန်ဆုံး လွှတ်ပေးနိုင်မယ်လို့ ဦးနေဇင်လတ်က ပြောပါတယ်။

---

## မြန်မာကို ဂျပန်က အိုဒီအေ အကူအညီပေးခင်
## **လူ့အခွင့်အရေးကိစ္စဆွေးနွေးဖို့ အေအိုင်-ဂျပန် တိုက်တွန်း**

**RFA၊ ဒီဇင်ဘာ ၂၂။** ။ မြန်မာနိုင်ငံကို ဂျပန်နိုင်ငံက အကူညီမပေးခင်မှာ လူ့အခွင့်ရေးကိစ္စတွေဆွေးနွေးဖို့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် A.I အဖွဲ့ (ဂျပန်ဌာနခွဲ) က ဂျပန်နိုင်ငံခြားရေးဝန်ကြီးကို တိုက်တွန်းလိုက်ပါတယ်။

ဒီဇင်ဘာ ၂၅ ရက်မှာ မြန်မာနိုင်ငံကို သွားရောက်လည်ပတ်မယ့် ခရီးစဉ်မစတင်ခင်မှာ AI က ဂျပန်နိုင်ငံခြားရေးဝန်ကြီး (ကိုအိ ချီရို့ဂမ်းဘာ) ထံ အိတ်ဖွင့်ပေးစာတစ်စောင် ဒီကနေ့ နေ့စွဲနဲ့ ပေးပို့ရာမှာ အခုလိုတောင်းဆိုလိုက်တာပါ။ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူတွေအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးဖို့၊ မြန်မာနိုင်ငံမှာ ပြစ်မှုတစ်စုံတစ်ရာကြောင့်သာ အကျဉ်းကျနေသူရှိတယ်လို့ မြန်မာအစိုးရက ပြောထားတာကြောင့် နိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံတကာ စံချိန်စံနှုန်းတွေနဲ့အညီလူသိထင် ရှားတရားစီရင်ခွင့်ပြန်ပေးဖို့၊

အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားတွေကို လူမဆန်စွာ ညှဉ်းပမ်းနှိပ်စက်နေတာတွေ ရပ်ပေးဖို့၊ တိုင်းရင်းသားတွေအပေါ် စစ်ပွဲဆင်နွှဲနေတာတွေ ရပ်ပစ်ဖို့နဲ့ မြန်မာနိုင်ငံကို ODA ပြန်ပေးရေးကိစ္စမှာ လူ့အခွင့်အရေးနဲ့ လွတ်လပ်မှုရှိမှသာ ဂျပန်နိုင်ငံက အခြားနိုင်ငံတစ်ခုကို ODA ပေးမယ်ဆိုတဲ့ မူဝါဒကို ထည့်သွင်းစဉ်းစားဖို့ဆိုတဲ့ အချက်ငါးချက် စာထဲမှာပါတယ်လို့ A.I (ဂျပန်ဌာနခွဲ) က (မစ္စဆုဂိယာမ)က အာန်အက်ဖ်အေကို ပြောပါတယ်။

မြန်မာအစိုးရက အခုအချိန်ထိ ပြန်လွှတ်ပေးတဲ့ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော် ၃၀၀ ဝန်းကျင်သာရှိတဲ့အတွက် နောက်ထပ်ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့ လိုတာကြောင့် အခုလို အိတ်ဖွင့်ပေးစာ ရေးသားရကြောင်း A.I (ဂျပန်ဌာနခွဲ) ကပြောပါတယ်။

# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ကားရိုက်ကူးရေး ပဏာမဆွေးနွေး

**VOA ၊ ဒီဇင်ဘာ ၂၀ ။** ။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင် ဇာတ်လမ်းရိုက်ကူးရေးကိစ္စအတွက် ရုပ်ရှင်ဇာတ်ကား ဖြစ်မြောက်ရေး ကော်မတီနဲ့ဒေါ်အောင်ဆန်းစုကြည်တို့ ဒီဇင်ဘာ ၂၀ ရက်၊အင်္ဂါနေ့မှာ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဇာတ်ညွှန်းရေးဖို့အပါအဝင် ဗိုလ်ချုပ်နေရာမှာ သရုပ်ဆောင်မယ့် ဇာတ်ဆောင်ကိုရွေးချယ်ရေးကိစ္စတွေ၊ ရိုက်ကူးရေး နည်းပညာပိုင်းဆိုင်ရာတွေကို ပဏာမဆွေးနွေးခဲ့ကြတယ်လို့ ဆွေးနွေးပွဲမှာ ပါဝင်သူတွေက ပြောပါတယ်။ ဒီအခြေအနေ အပြည့်အစုံကိုတော့ ဇာတ်ကားဖြစ် မြောက်ရေးပါဝင်လုပ်ဆောင်နေကြသူတွေနဲ့ ဆက်သွယ်မေးမြန်းထားတဲ့ မသင်းသီရိက တင်ပြပေးထားပါတယ်။

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရုပ်ရှင်ရိုက်ကူးဖို့ အနုပညာရှင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့ကြပြီးတဲ့နောက် ဖွဲ့စည်းလိုက်တဲ့ ဗိုလ်ချုပ်ရုပ်ရှင် ဖြစ်မြောက်ရေး ကော်မတီနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဒီဇင်ဘာ၂၀ ရက်၊ အင်္ဂါနေ့ နေ့လည်ပိုင်းက ပထမဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာ တွေ့ခဲ့ကြတာပါ။

ကော်မတီအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမိုင်းကြောင်းတွေကို ပြည့်ပြည့်စုံစုံသိရအောင် စာအုပ်စာပေတွေထဲမှာသာမက သမိုင်းပညာရှင်တွေရဲ့ အချက်အလက်စုဆောင်းပေးမှုတွေကိုလည်း လေ့လာနေပြီး ဇာတ်ညွှန်းရေးနိုင်ဖို့ စီစဉ်နေကြတယ်လို့ ဗိုလ်ချုပ် ရုပ်ရှင်ဇာတ်ကား ဖြစ်မြောက်ရေးကော်မတီက ပြောပါတယ်။ ဒီလိုဇာတ်ညွှန်းကိစ္စအပြင် ဗိုလ်ချုပ်နဲ့ဒေါ်ခင်ကြည်တို့ နေရာကနေ သရုပ်ဆောင်ဖို့ ရွေးချယ်ရမယ့် မျက်နှာသစ်သရုပ်ဆောင်ကိစ္စတွေအတွက် ဆွေးနွေးခဲ့ကြတယ်လို့ ဗိုလ်ချုပ်ရုပ်ရှင် ဇာတ်ကားဖြစ်မြောက်ရေးကော်မတီကပြန်ကြားရေးတာဝန်ခံရုပ်ရှင်ဒါရိုက်တာ ကြည်ဖြူသျှင်ကပြောပါတယ်။

"ဇာတ်ညွှန်းအတွက်ကို ဗိုလ်ချုပ်ရဲ့သမိုင်းကြောင်း၊ ကော်မတီဝင်တွေအားလုံးသိဖို့လိုတယ်ဆိုပြီးတော့ သမိုင်းကြောင်းနဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ ဝယ်လို့ရတဲ့စာအုပ်တွေရော၊ ဝယ်လို့မရတဲ့ ပုံနှိပ်ပေါ်ကို မရောက်လာတဲ့ တကယ့်ဗိုလ်ချုပ်ရဲ့အကြောင်း အတ္ထုပ္ပတ္တိကိုသမိုင်းပညာရှင်များအနေနဲ့ရှာပေးတယ်။ ရှာပေးပြီးတဲ့အခါမှာမိတ္တူ ဆွဲပြီးတော့ကော်ပီတွေ တယောက်တအုပ်ယူကြတယ်။ တယောက်တအုပ်ယူပြီးတဲ့အခါမှာ ကိုယ့်အိုင်ဒီယာနဲ့ကိုယ် gist (အကျဉ်းချုပ်)တွေထုတ်ရမယ်။ ထုတ်ပြီးတော့ ဆွေးနွေးရမယ်။ ဆွေးနွေးပြီးတဲ့အခါမှာ ဇာတ်ညွှန်းပေါ့လေ- အကြိမ်ကြိမ်ရေးမှတ်မယ်လို့ ဆုံးဖြတ်ထားကြတယ်။ ဆုံးဖြတ်ပြီးတော့ ဒီနေ့တွေ့တဲ့အခါမှာ အန်တီစုကို အဲဒီအကြောင်းပြောပြတယ်။ ပြောပြပြီးတဲ့အခါမှာ အန်တီစုက သရုပ်ဆောင်ကိုစိတ်ပူတယ်။ ဘာဖြစ်လို့လဲဆိုတော့ဗိုလ်ချုပ်အောင် ဆန်းနေရာက သရုပ်ဆောင်က မျက်နှာသစ်ဖြစ်မယ်၊ ဒေါ်ခင်ကြည်နေရာကလည်း မျက်နှာသစ်ဖြစ်မယ်။ မျက်နှာသစ် ၂ ယောက်က လုပ်နိုင်ဖို့အတွက်ပေါ့လေ၊ ကြိုတင်ပြီးတော့ ရှာထားဖို့ရယ်၊ ဗိုလ်ချုပ်အောင်ဆန်းနေရာက သရုပ်ဆောင်မယ့်သူကို သေချာ train လုပ်ဖို့ရယ်ကို အန်တီစုက စိတ်ပူတဲ့အတွက်ကြောင့်မို့လို့ ဇာတ်ညွှန်းမပီးခင်၊ ဇာတ်ညွှန်းစပြီးတော့ အကောင်အထည်ဖော်နေတဲ့အချိန်မှာကိုပဲ သရုပ်ဆောင်လေ့ကျင့်မှု အပိုင်းကို လုပ်စေချင်တဲ့ အကြောင်းပြောတယ်"

ဇာတ်ကားရိုက်ကူးရေးအတွက်ရုပ်ရှင်သရုပ်ဆောင်ကျော်သူက သူတို့ပိုင်တဲ့ အမျိုးသားရုပ်ရှင်ကို လုပ်ငန်းတွေနဲ့ ရိုက်ကူးရေး အတွက် လှူဒါန်းခဲ့သလို ဇာတ်ကားအတွက် လိုအပ်မယ့် နိုင်ငံခြားဆီက နည်းပညာပိုင်းဆိုင်ရာတွေ ကိစ္စတွေအတွက်လည်း တိုင်ပင်ခဲ့ကြပါတယ်။

"ဦးကျော်သူပေါ့လေ။ ဦးကျော်သူက သူတို့ရဲ့အမျိုးသားရုပ်ရှင်ကို ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရိုက်ကူးရေးအတွက် သူကလှူတယ်လို့ အန်တီစုကိုပြောတယ်။ ဆွေးနွေးရင်းကနေပြီးတော့မှကော်မတီထဲမှာ ဆွေးနွေးကြတာကတော့ ဦးကျော်သူက ဒုတိယဥက္ကဋ္ဌအနေနဲ့ပါဝင်သွားပြီပေါ့လေ။ပါဝင်တဲ့သူတွေနဲ့နောက်တခုကနိုင်ငံခြားပေါ့လေ၊ နိုင်ငံခြားဘက်က အကူအညီလာမယ်ဆိုတဲ့အခါမှာလည်း အင်္ဂလန်နိုင်ငံပါဖြစ်လာမယ်။ ဂျပန်ပါ ဖြစ်လာမယ်။ဒါကြောင့် အင်္ဂလန်ပြည်က အကူအညီလိုတယ်။ ဂျပန်ပြည်က အကူအညီလိုတယ်။ စက်ပစ္စည်းပိုင်းဆိုင်ရာအကူအညီဆိုရင်လည်း ကိုယ့်ရဲ့ဘက်က ဘာတွေလိုအပ်လဲ။ လိုအပ်တဲ့အရာကိုသေချာပြောပေါ့။ ဟိုဘက်က ကူညီမယ့်အရာတွေကလည်း ဘာတွေကူညီမှာလဲ။ အဲဒါတွေကို နည်းနည်းထပ်ပြီးတော့ ကော် မတီနဲ့နိုင်ငံခြားဘက်က ကူညီမယ့်သူတွေနဲ့တွေ့ဆုံပြီးတော့မှ ထပ်ပြီးနောက်တ ဆင့်ဆွေးနွေးရမယ်ပေါ့။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း အကြမ်းဖျင်းလေးပြောကြတယ်"

ဒါရိုက်တာ ကြည်ဖြူသျှင်ပါ။ ဗိုလ်ချုပ်အောင်ဆန်းနေရာမှာ သရုပ်ဆောင်ဖို့နဲ့ ဇနီးဖြစ်တဲ့ ဒေါ်ခင်ကြည်ရဲ့နေရာတွေအတွက် မျက်နှာသစ် သရုပ်ဆောင်တွေကိုမကြာခင် ကြေညာကာ စတင်ရွေးချယ်ဖို့ စီစဉ်နေပြီလို့ ကော်မတီဝင်တဦးဖြစ်တဲ့ ဒါရိုက်တာ ဝိုင်းကပြောပါတယ်။ ဘာကြောင့် လက်ရှိသရုပ်ဆောင်တွေထဲက မရွေးဘဲ မျက်နှာသစ်တင်ကာရိုက်ဖို့ စီစဉ်သလဲဆိုတာနဲ့ပတ်သက်လို့တော့

"လောလောဆယ်လက်ရှိသရုပ်ဆောင်တွေထဲမှာပေါ့နော်- ဗိုလ်ချုပ်အောင်ဆန်းနဲ့ အသွင်သဏ္ဍာန်တူတဲ့သူ မရှိပါဘူး။ ၁-အချက်၊ ၂-အချက်က သူနဲ့တော်တော်လေး ရုပ်တူတဲ့သူရွေးပြီးတော့သူရဲ့ လေသံကအစ၊ အပြောအဆိုကအစ တူမှ ဗိုလ်ချုပ်လို့ ကျနော်တို့ဗမာပြည်သူပြည်သားတွေက လက်ခံပြီး ခံစားနိုင်မယ်၊ ကျနော်တို့အတွက် သင်ရတာက အခက်အခဲရှိသော်ငြားလည်း ကျနော်တို့ တနစ်လောက် အချိန်ရတဲ့အတွက် သူ့ကို ကျနော်တို့ ဗိုလ်ချုပ်နဲ့တူအောင် လေ့ကျင့်ပေးနိုင်ပါတယ်။ တပတ်နစ်ပတ်အတွင်းမှာ ရုံးခန်းလိပ်စာ အတည်တကျဖြစ်ရင် မျက်နှာသစ်သရုပ်ဆောင်ရွေးတာနဲ့ပတ်သက်ပြီးဂျာနယ်တွေမှာ ဖောင်ပုံစံကိုတင်ပေးပါမယ်။ ဗမာတနိုင်ငံလုံးအတိုင်း အတာနဲ့ရွေးမှာပါ။ အသက်အပိုင်းအခြားလေး ၂၀ ကနေ၊ ၃၀ ကြား ကန့်သတ်ထားတာတခုပဲရှိပါတယ်"

ရုပ်ရှင်ဒါရိုက်တာ ဝိုင်းပြောပြခဲ့တာပါရှင်။ လာမယ့် ၂၀၁၅ဟာ ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်ဖြစ်တဲ့အတွက် အဲဒါ အမှီ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ ရိုက်ကူးဖို့ မြန်မာ့ရုပ်ရှင်အနုပညာရှင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ စီစဉ်နေကြတာဖြစ်ပြီး ဒီဇာတ်ကားဖြစ်မြောက်ရေးကော်မတီရဲ့ နာယကအဖြစ်လည်း ဒေါ်အောင်ဆန်းစုကြည်က တာဝန်ယူထားတာဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းဝန်ကြီးချုပ် ယင်းလပ်တွေ့ဆုံဆွေးနွေး

**VOA । ဒီဇင်ဘာ ၂၀ ။** ။ မြန်မာနိုင်ငံကိုရောက်နေတဲ့ ထိုင်းဝန်ကြီးချုပ် ယင်းလပ် ရှင်နာဝပ်နဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ဒီကနေ့ ဒီဇင်ဘာ ၂၀ အင်္ဂါနေ့ညနေပိုင်းက တွေ့ဆုံခဲ့ပါတယ်။ ဒါဟာ ၁၉၈၈ နောက်ပိုင်းကာလတွေအတွင်း ထိုင်းဝန်ကြီးချုပ်အဆက်ဆက်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပထမဆုံးတွေ့ဆုံတာလည်း ဖြစ်ပါတယ်။ ရန်ကုန်က ထိုင်းသံအမတ်ကြီးအိမ်မှာ ဒီခေါင်းဆောင် ၂ ဦး တွေ့ဆုံပွဲနဲ့ပတ်သက်တဲ့ သတင်းကိုတော့ ပြည်တွင်းသတင်းထောက်အများစု သတင်းယူခွင့်မရကြပါဘူး။ ဒီအခြေအနေအသေးစိတ်ကို မသင်းသီရိက တင်ပြပေးထားပါတယ်။

စတုတ္ထအကြိမ်မြောက် မဟာမဲခေါင်ထိပ်သီးအစည်းဝေးကိုလာတက်တဲ့ ထိုင်းဝန်ကြီးချုပ် ယင်းလပ် ရှင်နာဝပ်ဟာ ဒီကနေ့ အစည်းဝေးအပြီး ရန်ကုန်မြို့မှာ ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မှာ ဆုံခဲ့ကြတာပါ။ ဒါဟာ ၁၉၈၈ နောက်ပိုင်းကာလရဲ့ ထိုင်းဝန်ကြီးချုပ် အစဉ်အဆက်တွေထဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။သူ့အနေနဲ့ အိမ်နီးချင်းနိုင်ငံတခုရဲ့ ဒီမိုကရေစီရေးကြိုးပမ်းမှုလုပ် ငန်းတွေပေါ် အားပေးကူညီချင်တဲ့အကြောင်း ပြောတာတွေကိုလည်း နိုင်ငံခြားသတင်းဌာနတချို့ရဲ့ စာမျက်နှာတွေမှာ ရေးသားထားတာလည်း တွေ့ရပါတယ်။

ဒါပေမယ့် အခု ထိုင်းဝန်ကြီးချုပ်ယင်းလပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ညစာအတူစားတဲ့သတင်းကို ပြည်တွင်း အခြေစိုက် သတင်းဌာန ၄ ခုကိုသာ ဓာတ်ပုံရိုက်ကူးခွင့်ပြုခဲ့ပြီး ကျန်တဲ့သတင်းဌာနတွေအားလုံးကို ထိုင်းသံရုံးက သတင်းယူခွင့်၊ ဓာတ်ပုံရိုက်ကူးခွင့်တွေမပေးခဲ့ဘူးလို့ မြန်မာ့ခနေမဂ္ဂဇင်း အယ်ဒီတာဦးသီဟစောက ပြောပါတယ်။

"ယင်းလပ်ကတော့ ၅ နာရီခွဲလောက်မှာ သံရုံးထဲကိုဝင်လာတယ်။ ဒေါ်စုကတော့ ၅ နာရီ ၄၅ မိနစ်လောက်မှာ သံရုံးထဲဝင်သွားတယ်။ အထဲမှာလည်း အစားအသောက်တွေကို dinner လိုမျိုးခင်းထားတာတွေ့ရတယ်။ ဆိုတော့ လောလောဆယ်အပြင်မှာလူတွေတော့စောင့်နေကြတယ်၊ ဒါပေမယ့် ဝင်ခွင့်တော့မရဘူးAပဲ့နော်။ ထိုင်းသံရုံးက မနော်ဟာရီလမ်းနဲ့ ပြည်လမ်းထောင့်မှာပေ့ါနော်။ အဲဒီသံရုံးဝင်းထဲမှာတွေ့တာပါ။ နေ့ခင်းက registration လုပ်တော့လည်း သူတို့က Private meeting လို့ပြောတယ်။ လောလောဆယ် ကျနော်သိသလောက်က AFP ရယ်၊ Reuters ရယ်၊ နောက် Japanese section တခုရယ်၊ မြန်မာတိုင်မ်းစ်ရယ်၊ အဲဒီလေးခုက ဓာတ်ပုံဆရာ ၄ ယောက်ပဲ ပေးဝင်တယ်။ ကျန်တဲ့သူတွေက အထဲဝင်လို့ မရဘူးပေ့ါ"

သတင်းထောက်တွေ သတင်းယူခွင့်မရသလို ထိုင်းနိုင်ငံဘက်ကလည်း ဒီတွေ့ဆုံမှုအတွက် ချက်ချင်းသတင်းထုတ်ပြန်ဖို့ မရှိဘူးလို့ သတင်းထောက်တွေကို ပြောတယ်လို့လည်း ဦးသီဟစောကပြောသလို NLD ဘက်ကလည်း ဒီတွေ့ဆုံမှုနဲ့ ပတ်သက်လို့ တစုံတရာမပြောသေးပါဘူး။

"မေးတယ်။ သံရုံးကို မေးတဲ့အခါမှာ တွေ့ခွင့်မပေးဘူးဆိုရင် statement ထုတ်မလားပေ့ါနော်။ statement ထုတ်ဖို့မရှိဘူး လို့တော့ နေ့ခင်းကပြောတယ်။ Private meeting မို့လို့ စတိတ်မဲန့်မထုတ်ဘူးလို့ ပြောပါတယ်။ ဒါပေမယ့် normally ကတော့ ပြန်သွားပြီးလို့ရှိရင် ဟိုဘက်မှာ ထိုင်းက ပြောပြီးတော့မှ အဲဒီဘက်က သတင်းပြန်ဝင်တာမျိုးလည်းရှိတယ်"

ဒီ့အပြင် ပြည်ပကို ထွက်ပြေးတိမ်းရှောင်နေရတဲ့ ဝန်ကြီးချုပ်မစ္စယင်းလပ်ရဲ့ အကိုဖြစ်သူ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်ဟာ မြန်မာနိုင်ငံကို ပြီးခဲ့တဲ့ ကြာသပတေးနေ့က သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံ လက်ရှိသမ္မတဦးသိန်းစိန်နဲ့ အရင်စစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့နဲ့ တွေ့ဆုံခဲ့တယ်လို့ ထိုင်းနိုင်ငံက ဘန်ကောက်ပို့စ် သတင်းစာတွေမှာ ရေးသားပေမယ့် ပြည်တွင်းက အစိုးရသတင်းစာမှာရော ပုဂ္ဂလိက သတင်းမီဒီယာတွေမှာ လုံးဝဖော်ပြတာမရှိပါဘူး။ တခါ ထိုင်းဘုရင့်မြေးတော် Bajrakitiyabha ( ဘာဂျရာခတ်တိဘာ) နဲ့အဖွဲ့ဟာလည်း ဒီဇင်ဘာ ၁၉ ရက်နေ့ကမှ မြန်မာပြည်က ပြန်သွားတာမှာ ပြန်တဲ့အကြောင်းတွေနဲ့ ပတ်သက်လို့ဦးသီဟစော ပြောပြတာက...

"ဒီပြည်တွင်းမှာတော့ လုံးဝအသိမပေးဘူး။ အသိမပေးဘူးဆိုတာက ဒီနေ့အွန်လိုင်းမှာ ဘန်ကောက်ပို့စ်နဲ့ နေရှင်းဖတ်တော့မှ သူလာသွားတယ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့တယ်။ သမ္မတကြီးနဲ့တွေ့တယ်၊ နောက် မြန်မာခရီးစဉ်လည်း သူစီစဉ်သွားတယ်ပေ့ါနော်။ ထိုင်းသတင်းစာတွေဖတ်မှ ကျနော်သိရတယ်။ သတင်းလုံးဝမထုတ်ပြန်ပါဘူး။ ထိုင်းဘုရင့် မြေးတော်လာတယ်ဆိုတာတော့ သတင်းစာတွေထဲမှာ brief ရေးတယ်လို့ပြောတယ်။ ကျနော်တို့သိသလောက်ကတော့ ဗမာပြည်မှာရှိတဲ့လုပ်ငန်းရှင်တချို့နဲ့လည်း တွေ့တယ်လို့ပြောတယ်၊ ကျနော်သိသလောက်တော့ ထွန်းဖောင်ဒေးရှင်းဘဏ်ကဦးသိန်းထွန်းတို့ ဘာတို့နဲ့တွေ့တယ်လို့ကြားတယ်။ ဒါပေမယ့် ကျနော်တို့လောလောဆယ်မေးလို့တော့ မရသေးဘူး"

ဒါပေမယ့်လတ်တလောပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေတွေကြောင့်ရော မြန်မာ့နိုင်ငံရေးမှာ ဒေါ်အောင်ဆန်းစုကြည် ပါဝင်လာနေတဲ့အခန်းကဏ္ဍတွေကြောင့်ပါ ဝန်ကြီးချုပ်မစ္စယင်းလပ်တွေ့တာဖြစ်တယ်လို့ ဝေဖန်သုံးသပ်ကြတာရှိသလို မြန်မာနိုင်ငံကို စီးပွားရေးအရ ထိုင်းအစိုးရ အစဉ်အဆက် အဆင်ပြေအောင် ဆက်ဆံလာတာမို့ အခုဝန်ကြီးချုပ် ယင်းလပ်လက်ထက်မှာလည်း ဒီအစဉ်အလာတွေအရ တွေ့တာဖြစ်တယ်လို့လည်း မြင်ကြသူတွေရှိပါတယ်ရှင်။

---

**မျက်နှာဖုံးမှ**

တယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်က တွေ့ဆုံဖို့ စာရေးအကြောင်းကြားတဲ့အတွက် တွေ့တာဖြစ်ပြီး တစ်နာရီကျော်လောက် ဆွေးနွေးဖြစ်ကြတာနဲ့ပတ်သက်လို့ ဦးရွှေမန်းက သတင်းထောက်တွေကို ခုလို ပြောခဲ့ပါတယ်။

"ဒီနေ့တွေ့ဆုံတဲ့အခါမှာလည်းလွှတ်တော်ရေးရာနဲ့ပတ်သက်ပြီး သိချင်တဲ့အချက်တွေကို သူ မေးပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဖြေကြားပေးပါတယ်။ အဲဒီနည်းတူပဲ အိန္ဒိယခရီးစဉ်နဲ့ပတ်သက်ပြီးတော့ မေးတာရှိပါတယ်။ အဲဒါတွေကို ပြန်ပြီးတော့ ရှင်းပြခဲ့ပါတယ်။"

ပြည်သူ့လွှတ်တော်ဦးရွှေမန်းဦးဆောင်တဲ့ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဟာ မကြာခင်ကပဲ အိန္ဒိယနိုင်ငံက ပါလီမန်ဒီမိုကရေစီစနစ်၊ အစိုးရအုပ်ချုပ်ရေးစနစ်တွေကို သွားရောက်လေ့လာခဲ့တာဖြစ်ပါတယ်။ ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လွှတ်တော်နစ်ရပ်လုံးက ဥက္ကဋ္ဌတွေ တွေ့ဆုံမှုဟာ ပထမဆုံး တရားဝင်တွေ့ဆုံမှုလို့ ပြောလို့ရပါတယ်။

နေ့လည်ပိုင်းကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်ထောင်စုဝန်ကြီးတွေဖြစ်ကြတဲ့ ဦးအောင်ကြည်၊ ဦးစိုးသိန်းနဲ့ ဦးသိန်းဌေးတို့နဲ့ နေ့လည်စာအတူ စားခဲ့ကြပါတယ်။

# ငြိမ်းချမ်းရေးအတွက် ချင်းအမျိုးသားတပ်ဦး အရေးပေါ်ညီလာခံ ခေါ်ယူကျင်းပ

**DVB၊ ဒီဇင်ဘာ ၂၀ ။** ။ အစိုးရကိုယ်စားလှယ်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးကိစ္စ ပမာဏတွေ့ဆုံပွဲမှာ ချင်းပြည်သူတွေ ဆုံးဖြတ်ချက်ပါဝင်ဖို့အတွက် ချင်းအမျိုးသားတပ်ဦးက အရေးပေါ်ညီလာခံတရပ် ခေါ်ယူခဲ့ပါတယ်။ လာမယ့်ဇန်နဝါရီလ ၅ ရက်နဲ့ ၆ ရက်နေ့ကျရင် ချင်းပြည်နယ် ဟားခါးမြို့မှာ အစိုးရကိုယ်စားလှယ်တွေနဲ့ ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးဖို့ရှိတဲ့အတွက် အဘက်ဘက်က လိုလားချက်နဲ့ အကြံပြုချက်တွေ ပူးပေါင်းပါဝင်စေဖို့ အခုလိုအရေးပေါ်ညီလာခံကို ကျင်းပခဲ့တာလို့ ပါတီပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာဆလိုင်းအင်ဒရူး ငွန်ကျုံးလျန်က ပြောပါတယ်။

"ကျနော်တို့ ချင်းအမျိုးသားတပ်ဦးအနေနဲ့ တပ်မတော်အင်အားတောင့်တင်းခိုင်မာလာရေးအတွက် ချင်းပြည်နယ်က အမျိုးအနွယ်စုံ ဒေသစုံ၊ အလွှာပေါင်းစုံ ချင်းအမျိုးသားတော်လှန်ရေးမှာ ပါဝင်နိုင်ရေး ၊ နောက်ပြီး အခုကျနော်တို့ကို ငြိမ်းချမ်းရေးပမာဏ ဆွေးနွေးမှုလုပ်ဖို့ ပြည်ထောင်စုအစိုးရကနေ ကမ်းလှမ်းလာတဲ့အတွက်ကြောင့် ကျနော်တို့ အရေးပေါ် ပထမအကြိမ်ပါတီညီလာခံကို ခေါ်ယူရတာဖြစ်ပါတယ်။"

ဒီလ ၁၂ ရက်နေ့ကနေ ၁၆ ရက်နေ့ထိ အိန္ဒိယ-မြန်မာနယ်စပ်တနေရာမှာ ကျင်းပပြုလုပ်သွားခဲ့တာပါ။ ဒီအရေးပေါ်ညီလာခံမှာ ချင်းအမျိုးသားတပ်ဦးပါတီ၊ ချင်းအမျိုးသားတပ်မတော် ပြည်တွင်းပြည်ပအဖွဲ့ ကိုယ်စားလှယ်တွေနဲ့အတူ အကြံပေးပုဂ္ဂိုလ်ပညာရှင်တွေ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ၊ ဖိတ်ကြားထားသူ လေ့လာသူတွေ စုစုပေါင်း ၁၅၃ ဦး တက်ရောက်ခဲ့ပါတယ်။

အစိုးရနဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ကိစ္စအားလုံးက သဘောတူကြပြီး လာမယ့်လ အစိုးရနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဒီညီလာခံက အကြံပြုချက်တွေအပေါ်အခြေခံပြီး တောင်းဆိုညှိနှိုင်းသွားမယ်လို့ ဆိုပါတယ်။ လောလောဆယ် ဗဟိုကော်မတီအစည်းအဝေးကိုလည်း ဆက်ကျင်းပနေတယ်လို့ ဒေါက်တာဆလိုင်းအင်ဒရူး ငွန်ကျုံးလျန်က ပြောပါတယ်။

အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်တွေနဲ့ ပဏာမငြိမ်းချမ်းရေးဆွေးနွေးဖို့ ချင်းအမျိုးသားတပ်ဦးဘက်က လက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းရွှေခါး ဦးဆောင်တဲ့ ၁၀ ဦးပါ အဖွဲ့ကို စေလွှတ်မယ်လို့လည်း သိရပါတယ်။

ညီလာခံမှာ ငြိမ်းချမ်းရေးကိစ္စအပြင် ချင်းအမျိုးသားတပ်ဦးရဲ့ ဦးတည်ချက်တွေဖြစ်တဲ့ ချင်းဒေသ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေး ၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေး စတာတွေအတွက် မျိုးနွယ်စုံ၊ ဒေသစုံ၊ အလွှာစုံက ချင်းတိုင်းရင်းသားအားလုံး နည်းမျိုးစုံနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

အလွှာပေါင်းစုံပါဝင်လာဖို့ အဖွဲ့ဝင် ၅၅ ဦးပါတဲ့ ဗဟိုကော်မတီဝင်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ၁၄ ဦးပါ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့၊ ၂၁ ဦးပါ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့တို့နဲ့ ချင်းအမျိုးသားတပ်ဦးရဲ့ အမိပတိကောင်စီ (Supreme Council) ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ချင်းအမျိုးသားတပ်ဦးဟာ လွန်ခဲ့တဲ့ ၂၀၀၇ ခုနှစ်တုန်းကလည်း နအဖ စစ်အစိုးရနဲ့ အပစ်ခတ်ရပ်ဖို့အတွက် အိန္ဒိယ-မြန်မာနယ်စပ် ရိဒ်မြို့မှာ တွေ့ဆုံခဲ့ပေမယ့် ဆွေးနွေးပွဲမအောင်မြင်ခဲ့ပါဘူး။

ဦးသိန်းစိန်အစိုးရလက်ထက်မှာတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်တွေ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှာ နိုဝင်ဘာ ၁၉ ရက်နေ့က တွေ့ဆုံခဲ့ရာမှာ ချင်းအမျိုးသားတပ်ဦးကလည်း ပါဝင်ခဲ့တယ်။

ချင်းအမျိုးသားတပ်ဦးကို မြန်မာနိုင်ငံမှာ ၈ လေးလုံး ဒီမိုကရေစီအရေးအခင်း ဖြစ်ပွားခဲ့ပြီးတဲ့နောက် အရေးအခင်းမှာပါဝင်ခဲ့တဲ့ ချင်းပညာတတ်ကျောင်းသားတွေကဦးဆောင်ပြီး ၁၉၈၈ ခုနှစ် မတ်လ ၂၀ ရက်နေ့က အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အိုက်ဇောလ်မြို့မှာ ဖွဲ့စည်းခဲ့တာပါ။

---

## ကေအဲန်ယူနဲ့ အစိုးရ ပထမဆုံးတရားဝင်ဆွေးနွေးမည်

**BBC၊ ဒီဇင်ဘာ ၂၀ ။** ။ ကရင်အမျိုးသားအစည်းအရုံး KNU နဲ့ မြန်မာအစိုးရရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဟာ လာမယ့်နှစ်ဆန်း ဂျန်နဝါရီလလယ်မှာ ကရင်ပြည်နယ်၊ ဘားအံမြို့မှာတွေ့ဆုံပြီး နှစ်ဖက်ကြား အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးတော့မှာဖြစ်ပါတယ်။

ဒီတကြိမ် တွေ့ဆုံဆွေးနွေးမယ့်ကိစ္စဟာ မြန်မာနိုင်ငံမှာ အစိုးရသစ်တက်လာပြီးနောက် ပထမဆုံးအကြိမ် တရားဝင် တွေ့ဆုံဆွေးနွေးကြမှာဖြစ်ပါတယ်။ နိုဝင်ဘာလကုန်ပိုင်းတုန်းက ထိုင်းနိုင်ငံ၊ ချင်းမိုင်ခရိုင်မှာ နှစ်ဖက်ဆွေးနွေးတာတွေရှိပေမယ့် အလွတ်သဘော ဆွေးနွေးမှုသာဖြစ်တယ်လို့ KNU ဘက်ကပြောပါတယ်။

"ဂျန်နဝါရီလ ဒုတိယပတ်မှာ ဝန်ကြီးဦးအောင်မင်း ကမ်းလှမ်းထားသလိုဘဲ ဘားအံမြို့မှာတွေ့ဖို့အတွက် ကျနော်တို့ဆုံးဖြတ်ထားပါတယ်။" လို့ KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ရဲ့ အတွင်းရေးမှူး ဖဒို စောဒေးဗစ်ထောက BBC ကိုပြောပါတယ်။

"ထားဝရငြိမ်းချမ်းရေးကိုရှေ့ရှုပြီး သွားရမယ့်ကိစ္စဖြစ်တဲ့အတွက်ကြောင့် နှစ်ဦးနှစ်ဖက် ပိုပြီးတော့ ခိုင်ခိုင်မာမာနဲ့ ရှေ့ကိုသွားနိုင်ဖို့အတွက် ဆွေးနွေးဖို့ ကျနော်တို့မှာ အဲဒီသဘောထားတွေရှိပါတယ်။" လို့ ဖဒိုစောဒေးဗစ်ထောကပြောပါတယ်။

မြန်မာအစိုးရဘက်က တွေ့မယ့်အဖွဲ့ကို ရထားပို့ဆောင်ရေးပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဦးဆောင်မှာဖြစ်ပါတယ်။ KNU ဘက်ကတော့ KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နဲ့အတူ KNU တပ်မဟာတွေနဲ့ ခရိုင်ခေါင်းဆောင်တွေ လိုက်ပါသွားကြမယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဆွေးနွေးမယ့် အသေးစိတ်အချက်အလက်တွေကိုတော့ ထုတ်ဖော်ပြောတာမရှိသေးပါဘူး။

ဂျန်နဝါရီလ ဘားအံဆွေးနွေးပွဲကိုမသွားခင်မှာ KNU နဲ့ မြန်မာအစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တွေဟာ အခုရက်ပိုင်းမှာလည်း ထိုင်း–မြန်မာနယ်စပ်မှာ အကြိုညှိနှိုင်းဆွေးနွေးမှုတွေလုပ်ဖို့ အလွတ်သဘော ထပ်မံတွေ့ဆုံဖို့ရှိသေးတယ်လို့ KNU ထိပ်ပိုင်းခေါင်းဆောင်တဦးကပြောပါတယ်။

အခြားသတင်းတရပ်မှာတော့ ချင်းအမျိုးသားတပ်ဦး CNF ကလည်း ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့နဲ့ ဂျန်နဝါရီ ၅ ရက်နဲ့ ၆ ရက်နေ့တွေမှာ တွေ့ဆုံသွားဖို့ရှိတယ်လို့ CNF ရဲ့ အရေးပေါ်အစည်းအဝေးတခုကနေ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

# ရန်ကုန်မြို့ ကမာရွက် လှည်းတန်းမီးပွိုင့်အနီး ဗုံးပေါက်ကွဲမှုဖြစ်

**VOA ၊ ဒီဇင်ဘာ ၂၁ ။** ။ ရန်ကုန်မြို့ ကမာရွတ်လမ်းဆုံ လှည်းတန်းမီးပွင့်နားက အများသုံး သန့်စင်ခန်းတခုမှာ ဒီနေ့မနက် ဗုံးကွဲမှု တခုဖြစ်ခဲ့တာကြောင့် အမျိုးသမီးတဦးသေဆုံးပြီးတော့ အနဲဆုံး တယောက်ဒဏ်ရာရသွားပါတယ်။ ဗုံးကွဲပြီး မကြာခင်မှာ အဲဒီနေရာတဝိုက်ကို လုံခြုံရေး တင်းကြပ်ခဲ့ပြီး အခုတော့ ပုံမှန်ပြန်ဖြစ်နေပြီလို့ ရန်ကုန်မြို့ခံတွေကပြောပါတယ်။ အသေးစိတ်ကိုတော့ ဘန်ကောက်ရုံးက မစုမြတ်မွန်ကတင်ပြပေးထားပါတယ်။

ဒီနေမနက် ၁၁ နာရီ ကျော်ကျော်လောက်မှာ တက္ကသိုလ်ရိပ်သာလမ်းနဲ့ ပြည်လမ်းဒေါင့်မှာရှိတဲ့ အများသုံး သန့်စင်ခန်းတခုမှာ ဗုံးပေါက်ကွဲခဲ့တာပါ။ ရန်ကုန်တက္ကသိုလ်ဝင်းနဲ့ ဆက်နေတဲ့ အများသုံးအဆင့်မြင့်အိမ်သာဖြစ်ပါတယ်။ ဗုံးကွဲမှုကြောင့် အမျိုးသမီးတယောက်သေဆုံးသွားခဲ့ပြီး နောက်ထပ် အမျိုးသမီးတယောက် ဒဏ်ရာရသွားခဲ့ပါတယ်။ ဗုံးကွဲတဲ့နေရာကိုသွားကြည့်ခဲ့သူ ပြောပြတာကတော့ -

"၁၁ နာရီ ၅ မိနစ်လောက်က ဗုံးကွဲတာ။ သူက သန့်စင်ခန်းမှာပေါက်တာ။ အိမ်သာမှာ ပေါက်တာ။ ပိုက်ဆံကောက်တဲ့ ကောင်မလေးသေသွားတာ။ မြစ်နန်းရီတဲ့နံမည်က။ အနားမှာရှိတဲ့ သတင်းတွေ၊ မီဒီယာတွေ ဘာတွေပြောတာကတော့ ဒီအထုပ်ကို တယောက်က ထားသွားတယ်။ အဲဒီထားသွားပြီး စားပွဲပေါ်ကနေပြီးတော့ ၁၁ နာရီ ၅ မိနစ်လောက်မှာ ထကွဲတာလို့ ပြောတယ်ခင်ဗျ။"

ဗုံးကွဲပြီးတဲ့နောက် မြင်ရတဲ့အခြေအနေကိုလဲ သူက ခုလိုပြောပြပါတယ်။

"မြင်တာဆိုလို့ရှိရင်၊ ဒီအိမ်သာကြီးက အမိုးတွေဘာတွေအကုန်စုတ်ပြတ်သတ်သွားတာ။ နံရံတွေ ဘာတွေကတော့ သိပ်မဖြစ်ဘူး။နဲနဲပါးပါးလောက်ကလေးပဲ ထိတယ်။ ကျန်တာကတော့ အကုန်လုံး ဒီအတိုင်းပဲပေ့ါနော်။ ခေါင်မိုးတွေ ဘာတွေကတော့ အကုန်လုံးစုတ်ပြတ်ထွက်သွားတာပဲ။ သွပ်တွေ ဘာတွေကို လှန်သွားတာပဲ။ စစ ၃ ချပ်လောက်ကတော့ အပြင်ဖက်ကတွေ ဘာတွေကို လွှင့်စင်ကျသွားတာ။ လူတွေလည်းအများကြီးပဲကြည့်နေတယ်၊ သတင်းထောက်တွေရော။"

ဗုံးကွဲပြီးတဲ့နောက်မှာ အခင်းဖြစ်တဲ့နေရာကို စစ်ဆေးတဲ့အခါ နောက်ထပ် ဗုံးတွေ့တယ်ဆိုတဲ့ သတင်းတွေထွက်ခဲ့ပေမဲ့ ကမာရွတ်မြို့နယ်မှူးရုံးက မဟုတ်ပါဘူးလို့ ဗွီအိုအေကို ပြောပါတယ်။ ကမာရွတ်ရဲစခန်းကတော့ ပြောပိုင်ခွင့်မရှိပါဘူးဆိုပြီး ဗုံးကွဲတာကိုတောင် အတည်ပြုချက်မပေးပါဘူး။ ဗုံးကျွမ်းကျင်သူတွေလာပြီး စစ်ဆေးမှုတွေ လုပ်တာကိုတော့ သွားကြည့်တဲ့သူတွေ မြင်ခဲ့ရပါတယ်။

"ပထမပိုင်း ရောက်တဲ့အချိန်က သူတို့ ဒီ ဗုံးက ဘယ်လောက်ပြင်းအားရှိသလဲ ဘာလဲ ဖောက်ခွဲရေးတပ်က လာပြီးတော့စုံစမ်းရေးတွေလုပ်တယ်ပေ့ါ။ စစ်ဆေးရေးတွေ ဘာတွေ ညာတွေ အကုန်လုံးလုပ်သွားတယ်။ တော်တော်ပြင်းတယ်လို့ပဲ ဒါလောက်ပဲပြောတယ်။ ကျန်တာတော့ ဘာမှမပြောဘူး။ ဖြစ်ခါစကတော့ ရဲတွေရော၊ မီးသတ်ကားတွေရော၊ကြက်ခြေနီကားတွေရောရှိတယ်။တနာရီခွဲလောက်မှာပုံမှန်အတိုင်း အကုန်လုံးပြန်ဖြစ်သွားပြီ။ လမ်းကတော့ ရှင်းသွားတယ်။"

ဒီကနေ့ ဗုံးကွဲမှုနဲ့ ပါတ်သက်လို့ ဘယ်အဖွဲ့ကမှတော့ တာဝန်ခံပြောကြားခြင်း မရှိသေးပါဘူး။ နိုဝင်ဘာ လလယ်တုန်းကလဲ မြစ်ကြီးနားမြို့မှာ ဗုံးပေါက်ကွဲလို့ ကလေး ၁၀ ယောက်ကျော် သေဆုံးခဲ့ပါတယ်။ တခါ ဖွန်လထဲမှာလည်း နေပြည်တော်၊ မန္တလေးနဲ့ ပြင်ဦးလွင်မြို့တွေမှာ တချိန်တည်းနီးပါး ဗုံးတွေ ဆက်တိုက်ပေါက်ကွဲခဲ့ပါတယ်။

မေလမှာတုန်းကတော့ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ထဲက ရွှေမြို့နှင့် ဆင်သေဘူတာကြားမှာ ဗုံးကွဲခဲ့လို့ ၂ ယောက်သေဆုံးခဲ့ပါတယ်။ မဟာမဲခေါင်ဒေသခွဲနိုင်ငံ ခေါင်းဆောင်တွေတက်ရောက်ကြတဲ့ ထိပ်သီးစည်းဝေးပွဲ နေပြည်တော်မှာ ကျင်းပခဲ့ပြီး နောက်တရက်မှာပဲ ရန်ကုန်မှာ ဗုံးကွဲခဲ့တာဖြစ်ပါတယ်။

---

## စီးပွားရေးပိတ်ဆို့မှုရုတ်သိမ်းသင့်ကြောင်း ကိုဇာဂနာမပြော

**RFA၊ ဒီဇင်ဘာ ၂၀ ။** ။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူထားတာတွေ ပြန်လည်ရုပ်သိမ်းသင့်ကြောင်း ကိုဇာဂနာက အကြံပြုခဲ့တယ်ဆိုတဲ့ Bloomberg သတင်းဌာနရဲ့ ပြောဆိုချက်ဟာ မဟုတ်မမှန်ကြောင်း ကိုဇာဂနာက အာရ်အက်ဖ်အေကို ဒီကနေ့ ပြောဆိုပါတယ်။

ထိုင်းနိုင်ငံမှာရှိစဉ် အီးယူသံအမတ်တွေနဲ့ တွေ့ဆုံချိန်မှာ မိမိအနေနဲ့ စီးပွားရေးပိတ်ဆို့မှုကိစ္စကို မဆွေးနွေးကြောင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းတွေကထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို ပြည်ပနိုင်ငံတွေကို တင်ပို့ခွင့်သာတောင်းဆိုခဲ့ကြောင်းနဲ့ မြန်မာပြည်သူတွေကို ကူညီထောက်ပံ့ပေးနိုင်တဲ့ နည်းလမ်းတွေကိုသာ ဆွေးနွေးခဲ့ကြောင်း ပြောဆိုပါတယ်။

ကိုဇာဂနာဟာ ထိုင်းနိုင်ငံကို ခေတ္တရောက်နေတုန်း တနင်္လာနေ့ညနေက ဘန်ကောက်မြို့ သတင်းထောက်များအသင်းမှာ ဟောပြောပွဲတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။

ထိုင်းနဲ့မြန်မာဟာ အိမ်နီးချင်းဖြစ်ပေမယ့် အတော့်ကို ကွာခြားနေပြီး ဘန်ကောက်လေယာဉ်ကွင်းနဲ့ လေယာဉ်တွေ တွေ့လိုက်ရတဲ့အခါ အတော်အံ့အားသင့်သွားသလို တိုက်တာ အဆောက်အအုံနဲ့ လမ်းတံတားတွေ တွေ့လိုက်ရတဲ့အခါမှာလည်း မှင်သက်မိသွားတယ်လို့ ကိုဇာဂနာက ပြောပါတယ်။

ဒ့ါအပြင် ထိုင်းလူငယ်တွေကိုကြည့်လိုက်တဲ့အခါမှာ လွတ်လပ်နေပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိနေတဲ့ အမူအရာ ဟန်ပန်တွေ့ရပေမယ့် မြန်မာလူငယ်တွေမှာတော့ နေ့တိုင်း စိုးရိမ်သောက တွေပြည့်နေတာတွေ့ရတယ်လို့ ကိုဇာဂနာက သတင်းထောက်များအသင်းမှာပြောပြပါတယ်။

အဲဒီပွဲမှာ သတင်းထောက်တွေက ကိုဇာဂနာ အဖမ်းခံရစဉ်က အတွေ့အကြုံတွေမေးလို့ ပြောပြတယ်လို့လည်း သိရပါတယ်။ ဒီပွဲကို ပရိတ်သတ် ၂၂၀ ကျော်တက်ရောက်ခဲ့ပါတယ်။ လက်ရှိအခြေအနေနဲ့ ပတ်သက်လို့ကတော့ ကိုဇာဂနာက သူ မြန်မာ ပတ်စ်ပို့ရရှိလာပြီး ဘန်ကောက်မှာ အခုလိုတွေ့ရတာဟာ တိုးတက်မှုတခုပါဘဲလို့ ပြောဆိုခဲ့ပါတယ်။ အင်္ဂါနေ့ကတော့ ကိုဇာဂနာဟာ ကမ္ဘောဒီးယားနိုင်ငံကို ခရီးဆက်ခဲ့ပါတယ်။

# ကေအိုင်အိုအနေနဲ့ အပစ်အခတ်ရပ်စဲရေး မဟုတ်ဘဲ "နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး"လိုကြောင်း ပြောဆို

**Mizzima၊ ဒီဇင်ဘာ ၁၉ ။** ။ ပြည်ထောင်စုအဆင့် 'နိုင်ငံရေး ဆွေးနွေးရန်' ဦးအောင်သောင်းခေါင်းဆောင်သော ၁၁ ဦးပါအဖွဲ့ ဖွဲ့စည်းထားကြောင်း အသိပေးစာအား ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ကို ယမန်နေ့က လက်ခံရရှိကြောင်း KIO ပြောခွင့်ရ ဦးလနန်ကပြောသည်။

ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့အား သီးသန့်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအမိန့်စာကို KIO ကို ယမန်နေ့က အီးမေးလ်မှတဆင့် တရားဝင်အသိပေးလာခြင်းဖြစ်သည်။

"နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် အကြောင်းကြား ခြင်းဆိုကာ ဦးအောင်သောင်း၏လက်မှတ်ရေးထိုးထားသော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးအဖွဲ့ကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တာဝန်ပေးအပ်ပြီး ဖြစ်ပါကြောင်း"ဟု ဦးလနန်ကပြောသည်။ အစိုးရဘက်မှ တရားဝင်အကြောင်းကြားလာသဖြင့်KIO အဖွဲ့အနေဖြင့်လည်း ဗဟိုကိုယ်စားလှယ်အဖွဲ့ ပြန်လည် ဖွဲ့စည်းပြီးနောက် အစိုးရထံ တရားဝင်ထပ်မံစာပို့မည်ဟု ဦးလနန်က ပြောသည်။

လက်ရှိ ရှေ့တန်းနေရာများတွင် နစ်ဘက်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး အစိုးရဘက်မှ လက်နက်နှင့်စစ်အင်အားများကို ဆက်လက် ပို့တောင်နေသည်ဟု ဦးလနန်က ပြောသည်။

"အင်အားလျော့သွားတာမရှိဘူး။ နဂိုရှိပြီးသား အခြေစိုက်နေ တဲ့နေရာကို လက်နက်တွေ ရိက္ခာတွေ ယာဉ်တန်းနဲ့ပို့နေပါတယ်" ဟု သူက မဇ္ဈိမကို ပြောသည်။

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ၁ ဖြစ်သည့် အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းနှင့် ဒုတိယခေါင်းဆောင် ကချင်ပြည်နယ်ပြည်သူ့လွှတ်တော်အမတ်ဦးသိန်းဇော်တို့က ပြီးခဲ့တဲ့ သောကြာနေ့က ဒီဇင်ဘာလ ၁၆ ရက်နေ့က ရန်ကုန်မြို့ ၈ မိုင်လမ်းဆုံရှိ ဟိုတယ်ရန်ကုန်၌ သတင်းစာရှင်းလင်းပွဲတခု ကျင်းပခဲ့ပြီးမြန်မာပြည် မငြိမ်းချမ်း၍ ကမ္ဘာက အထင်သေးကြောင်း၊ ထို့ကြောင့် ယခုအစိုးရသက်တမ်းအတွင်း ငြိမ်းချမ်းရေးကိုရအောင် လုပ်မည်ဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

သမ္မတဦးသိန်းစိန်က ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ထံကချင်ပြည်နယ်အတွင်းထိုးစစ်ဆင်မှုရပ်ဆိုင်းရန် ဒီဇဘာ ၁၀ ရက်နေ့က ထုတ်ပြန်လိုက်သော်လည်း ကချင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ဦးအောင်သောင်းကကချင်ပြည်နယ်တွင် ထိုးစစ်ဆင်ခြင်းမဟုတ်ဘဲ စစ်ရေးသဘောအရဖြစ်နေခြင်းသာဖြစ်သည်ဟု ပြောကြားခဲ့သည်။

"ဘယ်လိုဟာမျိုးလဲဆိုတော့ ဥပမာ ဝေးလံတဲ့နေရာမှာ သူက ရိက္ခာ ခုနစ်ရက်စာလောက် ရှိတယ်။ ခုနစ်ရက်စာကုန်ပြီဆိုရင် ကျနော်တို့က ရိက္ခာကို ငါးရက်မြောက်တဲ့နေ့မှာ စပို့တယ်။ အဲဒီပို့တဲ့အခါမှာ လမ်းခရီးမှာ သူကလည်း မသိဘူး၊ ကိုယ်ကလည်း မသိဘူး ဒီအမိန့်တွေ ထုတ်ပြန်တာ။ အဲဒီအခါမှာတော့ မှားယွင်းပစ်ခတ်မှုရှိနိုင်ပါတယ်။ ဒီလိုပစ်ခတ်နေလို့ အမိန့်ပေးတာကတမျိုး၊ ဒီလို ပစ်ခတ်မှုကရှိနေပါ သေးတယ်ဆိုတာ သူတို့ဝေဖန်လို့၊ အပြစ်တင်လို့မရပါဘူး။ စစ်ရေးစစ်ရာသဘောမှာ ဒီလိုရှိပါတယ်"ဟု ဦးအောင်သောင်းကသတင်းထောက်များကိုပြော ခဲ့သည်။

"ကိုယ်က သိသော်ငြားလည်းပဲ သူက မသိရင်ခက်တယ်။ အဲဒီတော့ ဒီလိုအနေအထားလေးတွေရှိတယ်။ ဒီလိုလုပ်လို့ သမ္မတအမိန့် ပေးပါလျက်နဲ့ ဒီလိုချည်းလုပ်နေတယ်၊ ဒါ မုန့်တမျိုး တုတ်တမျိုးဖြစ်နေတယ်လို့ ဒီလိုပြောလို့မရဘူး၊ ဒီလို ဝေဖန်လို့မရဘူး။ ဒါက သဘာဝရဲ့၊ စစ်ရေးစစ်ရာသဘောနဲ့ စစ်ဆင်ရေးနယ်မြေရဲ့ သဘော သဘာဝလေးကိုသိဖို့ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေတာ ဖြစ်ပါတယ်ဆိုတာကို ကျနော်ပြောလိုပါတယ်"ဟု ဆက်ပြောသည်။

ငြိမ်းချမ်းရေးအရ တဆင့်ချင်း ဆောင်ရွက်နေသည့်လုပ်ငန်းများအရ ခန့်မှန်းခြေ ၃ နှစ်၊ ၄ နှစ် ကြာမြင့်နိုင်မည်ဟုဦးအောင်သောင်းကပြောဆိုသွားသည်။ သို့သော် ထိုသတင်းစာရှင်းလင်းပွဲတွင် ဒုတိယခေါင်းဆောင်မီးရထားဝန်ကြီး ဦးအောင်မင်းပါဝင်ခြင်းမရှိခဲ့ပေ။ KIO နှင့် အစိုးရခေါင်းဆောင်များ ယခင်လ နိုဝင်ဘာလ ၂၉ ရက်နေ့က တရုတ်နိုင်ငံ ရွှေလီမြို့တွင် တွေ့ဆုံခဲ့စဉ် KIO ဘက်က အပစ်အခတ်ရပ်ဆိုင်းရေးမဟုတ်ဘဲ နိုင်ငံရေးအရ ဆွေးနွေးလိုကြောင်း စာပို့ခဲ့သည်။

ပြီးခဲ့သည့် ဇွန်လမှစတင်ဖြစ်ပွားခဲ့သောတိုက်ပွဲကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေထိုင်နေရသော စစ်ပြေးဒုက္ခသည်ပေါင်းတရုတ်-မြန်မာနယ်စပ် လိုင်ဇာ၊ မိုင်ဂျာယန်၊ ဗန်မော်၊ မိုးမောက်၊ မန်စီစသည့်မြို့နယ်များအတွင်း စစ်ပြေးဒုက္ခသည်ပေါင်း ၄၆၀၀၀ ကျော်ရှိနေသည်ဟု KIO က ထုတ်ဖော်ပြောဆိုထားသည်။

အလားတူ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်စသည့်မြို့နယ်များအတွင်းရှိ စစ်ပြေးဒုက္ခသည်များကို ကူညီထောက်ပံ့ခဲ့သူ ရုပ်ရှင်သရုပ်ဆောင်ဦးကျော်သူ၏ ရန်ကုန်အခြေစိုက် နာရေးကူညီမှုအသင်းမှသိန်းပေါင်း ၂၀၀ ကူညီခဲ့မှုခြင်းအား ကျေးဇူးတင်ကြောင်းနှင့် ဆက်လက်ကူညီမည်ဆိုပါကကြိုဆိုကြောင်းလည်း KIO ဒုက္ခသည်များကူညီရေးကော်မတီက ဒီဇင်ဘာ ၁၇ က ကြေညာချက်ထုတ်ပြန်ထားသည်။

---

# ရွှေနေကြီးဦးမြင့်သွင် ရွှေနေလိုက်ခွင့်လိုင်စင် ၃ နှစ် ပိတ်ခံရ

**RFA၊ ဒီဇင်ဘာ ၁၉ ။** ။ နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေး လှုပ်ရှားသူတွေနဲ့ မြေယာအသိမ်းခံရတဲ့ တောင်သူလယ်သမားတွေအတွက် ဥပဒေအကျိုးဆောင်အဖြစ် ဆောင်ရွက်ပေးနေသူ မန္တလေးမြို့က ရှေ့နေကြီးဦးမြင့်သွင်ကို တရားလွှတ်တော်ချုပ်က ရှေ့နေလိုက်ခွင့် သုံးနှစ်ပိတ်လိုက်တယ်လို့ သိရပါတယ်။

ဒီအမိန့်စာကို ပြီးခဲ့တဲ့ ကြာသပတေးနေ့က ရကြောင်း ဦးမြင့်သွင်ကပြောပါတယ်။ ၂၀၁၁ ခုနှစ်ဆယ်လပိုင်းလောက်က တရားရုံးချုပ်ရုံးချိန်းတစ်ခုမှာ နောက်ကျသွားတဲ့အတွက် ချိန်းတဲ့နေ့မှာ လျှောက်လဲချက် မပေးနိုင်ခဲ့တာကို အကြောင်းပြုပြီး အခုလို လိုင်စင်သုံးနှစ်ရပ်နားခံရ တာလို့ ဦးမြင့်သွင်က ပြောပါတယ်။

ဒါပေမယ့် ဦးမြင့်သွင်ဟာ အဲဒီပျက်ကွက်တဲ့ ရုံးချိန်းအတွက် အစားထိုးလျှောက်လဲခွင့် ကျမ်းကျိန်ပြီး လျှောက်ထားခဲ့ရာမှာ တရားရုံးချုပ်က ခွင့်ပြုတဲ့အတွက် နောက်ပိုင်းမှာ အမှုအတွက် လျှောက်လဲချက် ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဦးမြင့်သွင်ဟာ မန္တလေးက ဒေါ်ဝင်းဝင်းမြ၊ မြင်းခြံက ဒေါက်တာဝင့်သူတို့အပါအဝင် နိုင်ငံရေးအကျဉ်းသား တော်တော်များများရဲ့ အကျိုးဆောင်ရှေ့နေကြီးဖြစ်တဲ့အပြင် ဖားကန့်နဲ့ မေမြို့က မြေယာ အသိမ်းခံရတဲ့ တောင်သူများရဲ့ အကျိုးဆောင် ရှေ့နေကြီးလည်း ဖြစ်ပါတယ်။ သူဟာ မြန်မာနိုင်ငံ တရားစီရင်ရေးနဲ့ပတ်သက်လို့ တရားရေးအာဏာပိုင်တွေရဲ့ ချို့ယွင်းမှုတွေကို ရေဒီယိုကနေ ပြောဆိုအပြီး တစ်ပတ်အကြာမှာ အခုလို လိုင်စင် ပိတ်ခံရတာလို့လည်း သိရပါတယ်။




**ဒီဇင်ဘာ ၁၆ ၊** IMNA ။ ။ မွန်ရဟန်းပြည်သူအများစုသည် မွန်တိုင်းရင်းသားဒီမိုကရက်တစ်ပါတီ MNDF နှင့် မိမိတို့၏ မွန်တိုင်းရင်းသားများ ဒေသဒီမိုကရေစီပါတီ AMRDP တို့အား ထောက်ခံကြောင်း AMRDP ဥက္ကဋ္ဌမှဆို၏။

**ဒီဇင်ဘာ ၁၇ ၊** Calcutta News ။ ။ ဘင်္ဂလားဒေ့ရှ်မှတဆင့် အိန္ဒိယပြည်ထဲသို့ မြန်မာမှ ရိုဟင်ဂျာများ ခိုးဝင်နေရာ Tripura တွင် ၃၁ ဦးအား ထိန်းသိမ်းထားကြောင်း။

**ဒီဇင်ဘာ ၁၇ ၊** RFA ။ ။ အဲန်အဲလ်ဒီ၏ဆောင်ရွက်ချက်များကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဦးဝင်းထိန်မှ တင်ပြထားသည့် ဗွီဒီယိုတိတ်ခွေဖြင့် ရှင်းလင်းပွဲနှင့် ဒေါ်အောင်ဆန်းစုကြည်၏ လှုပ်ရှားမှုများအတွက် ရံပုံငွေရှာပွဲကို ဩစတေးလျနိုင်ငံ မဲလ်ဘုန်းတွင် ယနေ့ကျင်းပ၏။

**ဒီဇင်ဘာ ၁၈ ၊** Guardian, UK ။ ။ ကချင်ပြည်နယ်တွင် မြန်မာတပ်သည် ကချင်သူပုန်များအား နှိပ်စက်ညှင်းပန်းသတ်ဖြတ်နေသည်ဟု စွပ်စွဲခံနေရသော်လည်း မြန်မာပြည်တွင်း နိုင်ငံရေးပြောင်းလဲမှုများ သတင်းများလွှမ်းနေ၍ ကမ္ဘာမှ လုံးဝမသိသလောက် လစ်လျူရှုခံနေရကြောင်း။

**ဒီဇင်ဘာ ၁၈ ၊** NYT ။ ။ ချက်ဒီမိုကရေစီခေါင်းဆောင် Vaclav Havel (၇၅နှစ်) ဒီဇင်ဘာ ၁၈ တွင်ကွယ်လွန်၏။

**ဒီဇင်ဘာ ၁၉ ၊** Nation ။ ။ နေပြည်တော် မဟာမဲခေါင်ဆွေးနွေးပွဲတွင် ထိုင်းဝန်ကြီးချုပ်သည် ထားဝယ်စီမံကိန်းကိစ္စ ဖြစ်မြောက်ရေး အလေးပေး ဆွေးနွေးမည်။

**ဒီဇင်ဘာ ၁၉ ၊** RGN ။ ။ ချက် ခေါင်းဆောင်ဟောင်း ဒီမိုကရေစီခေါင်းဆောင် Vaclav Havel ဒီဇင်ဘာ ၁၈ တွင် ကွယ်လွန်ခဲ့၍ ဝမ်းနည်းကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**ဒီဇင်ဘာ ၁၉ ၊** Rtrs ။ ။ နေပြည်တော်တွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် ဖွင့်လှစ်၏။

**ဒီဇင်ဘာ ၁၉ ၊** BJG-Rtrs ။ ။ တရုပ်ပြည်၏ နိုင်ငံတော်ကောင်စီဝင် Dai Bingguo သည် မြန်မာသမတဦးသိန်းစိန်နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့စဉ် နှစ်ဖက်သည် စံတင်လောက်သည့် ဆက်ဆံမှုရှိသည်ဟု ပြောခဲ့ကြောင်း တရုပ် ရုပ်သံသတင်းမှဆို၏။

**ဒီဇင်ဘာ ၁၉ ၊** BusinessWeek ။ ။ မြန်မာအပေါ် ပိတ်ပင်မှု စိုင့်ရှင်များ အထူးသဖြင့် အထည်အဝတ်ပိုင်းတွင် ရုတ်သိမ်းလျှင် သာမန်လူထုအတွက် ပိုအ ကျိုးရှိမည်ဟု ဇာဂနာမှ ဆိုကြောင်း Bloomberg သတင်းမှဆို၏။

**ဒီဇင်ဘာ ၁၉ ၊** Catholic Culture ။ ။ မြန်မာရှိ စစ်ဒုက္ခရောက်နေသော ကချင်ခရစ်ယန်များအတွက် ကြားဝင်ဖြန်ဖြေရန် ဘိရှောက်ရဟန်း Raymond Gam မှ ဗန်မော်တွင်တောင်းဆို၏။

**ဒီဇင်ဘာ ၁၉ ၊** XNA ။ ။ နေပြည်တော်အား နိုင်ငံခြားခရီးသည်များသို့ ၂၀၁၂ နှစ် မှစ၍ ဖွင့်လှစ်မည်။

**ဒီဇင်ဘာ ၂၀ ၊** VOA ။ ။ Antiretroviral (ARV) တိုက်ဖျက်ပေးသည့် ထိုင်းတွင် အနှစ် ၃၅ နှစ်ကြာခဲ့သော နယ်ခြားမဲ့ဆရာဝန်များအဖွဲ့သည် ထိုင်းတွင် စာရွက်စာတမ်းမဲ့ နယ်ကူးလာသူများနှင့် ခိုကိုးရာမဲ့များအား ကုခွင့်မရတော့၍ ထိုင်းကို လုံးဝ စွန့်ခွာမည်ဖြစ်ရာ မယ်တော်ဆေးခန်းသည် ပိုမိုဝန်ပိကာ အဆုပ်နှင့် HIV ရောဂါရှင်များအတွက် မနိုင်မနင်းဖြစ်မည်ဟု ဒေါက်တာစင်သီယာမောင်မှဆို၏။

**ဒီဇင်ဘာ ၂၀ ၊** XNA ။ ။ စတုတ္ထအကြိမ်မြောက် မဟာမဲခေါင် ဆွေးနွေးပွဲ နေပြည်တော်တွင် စတင်ကျင်းပ၏။

**ဒီဇင်ဘာ ၂၀ ၊** Irrawaddy ။ ။ ထိုင်းဝန်ကြီးချုပ် ရင်းလပ် တပ်ခ်စင်း၏ မြန်မာခရီးစဉ်အပေါ် ထားဝယ်ဒေသခံများ စိတ်မသက်သာကြောင်း၊ အထူးသဖြင့် ItalThai ကုမ္ပဏီကြောင့် မိမိတို့လယ်မြေများ သိမ်းခံရမှုများအတွက်ဖြစ်ကြောင်း။

**ဒီဇင်ဘာ ၂၀ ၊** Mizzima ။ ။ ရန်ကုန်ကိုချဲ့မည့်သတင်းများကြောင့် တိုးချဲ့ ရန်ကုန်တပိုက် မြေဈေးများတက်နေ၏။

**ဒီဇင်ဘာ ၂၀ ၊** VOA ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းဝန်ကြီးချုပ် ယင်းလပ် ရှင်နာဝပ်နှင့် ယနေ့ ထိုင်းသံအမတ်ကြီးနေအိမ်တွင်တွေ့ဆုံ၏။

**ဒီဇင်ဘာ ၂၀ ၊** RFA ။ ။ စီးပွားရေးပိတ်ဆို့ အရေးယူမှုများရုတ်သိမ်းသင့်ကြောင်း ဇာဂနာ မှအကြံပြုခဲ့သည်ဟု ဘလူးမ်ဘာဂ် သတင်းမှ ရေးခဲ့သလို မဟုတ်ကြောင်း၊ မိမိယင်းသို့ မပြောခဲ့ကြောင်း ဇာဂနာမှ ငြင်း၏။

**ဒီဇင်ဘာ ၂၁ ၊** BP ။ ။ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် Yingluck Shinawatra မှ ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်တွင်တွေ့စဉ်ပြောခဲ့၏။

**ဒီဇင်ဘာ ၂၁ ၊** Forbes, WSJ ။ ။ စစ်အစိုးရ၏ စီးပွားဖက်များဖြစ်ကြသော တေဇနှင့်ဇော်ဇော် စသည်တို့သည် ဒေါ်အောင်ဆန်းစုကြည် အာဏာရလာမည့် မြန်မာနိုင်ငံရေးအပြောင်းအလဲတွင် မိမိတို့လည်းမကျန်ရစ်ရန် အသင့်ပြင်နေရာယူရန် ကြိုးပမ်းနေကြောင်း။

**ဒီဇင်ဘာ ၂၁ ၊** TuoiTreNews ။ ။ ၂၀၁၅ တွင် နှစ်နိုင်ငံပကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၅၀၀ အထိရောက်ရန် မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံ သဘောတူခဲ့ကြောင်း။

**ဒီဇင်ဘာ ၂၁ ၊** Irrawaddy ။ ။ မိမိသည် ပါလီမန်အမတ်ဖြစ်လာလျှင် နိုင်ငံအတွက် အကျိုးရှိမည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ၈၈ ကျောင်းသားအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးစဉ် ဆိုကြောင်း။

**စာမျက်နှာ ၁၃ သို့**

# ထားဝယ်ရေနက်စီမံကိန်းအတွက် ကျေးရွာပေါင်း ၂၀ ရွာ ရွှေ့ပြောင်းပေးရမည်

**Mizzima ၊ ဒီဇင်ဘာ ၂၂။** ။ ထားဝယ်ဖွံ့ဖြိုးမှု စီမံကိန်းနှင့်မလွတ်သဖြင့် လူဦးရေ ၃၂,၀၀၀ ရှိ ရွာပေါင်း ၂၀ ရွာ ဖယ်ရှားရမှာဖြစ်သည်ဟု ဒေသခံလူမှုရေးအဖွဲ့အစည်း ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့ DDA က ပြောသည်။ တနင်္သာရီတိုင်း ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်နှင့်လောင်းလုံမြို့နယ်အတွင်းရှိ အဆိုပါ ၂၀ ရွာမှ ရွာသားများပိုင် ဥယျာဉ်ခြံမြေကေတသိန်းကျော်မှာလည်း စီမံကိန်းနယ်မြေအတွင်း ကျရောက်နေသဖြင့် ဆုံးရှုံးသွားမှာ ဖြစ်သည်။

စီမံကိန်းနယ်မြေ ၂၅၀ စတုရန်း ကီလိုမီတာ အတွင်းမှ ပြောင်းရွှေ့ပေးရမည့်သူများပိုင် ဥယျာဉ်ခြံမြေ ဧက တသိန်းကျော်အတွက် လျော်ကြေးငွေမှာလည်း နည်းသဖြင့် လက်မခံနိုင်ဘဲ ဖြစ်နေသည်ဟု ဆိုသည်။ နေရာသစ်လေးခုတွင် ပြန်လည် နေရာချထားပေးရန် ရှိနေပြီး ကျေးရွာတစုကို ရေနက်ဆိပ်ကမ်း ဆောက်မည့်နေရာမှ မြောက်ဖက် ၁၀ မိုင်ခန့်အကွာရှိ ထွက်ဝရွာ (၁) (၂)၊ ဘွာရွာ၊ ဒူးတောင်ရွာ (၁) (၂)၊ ဝါးဖွမ်းတောရွာတို့တွင် နေရာပြန်ချရန် စီစဉ်နေသည်။ ဘွာရွာ၌ တလုံးလျှင် သိန်း ၁၅၀ တန် အိမ်အလုံး ၁,၀၀၀ ကျော် ဦးစားပေးစတင်ရန် လျာထားကြောင်း သိရသည်။

ရော်ဘာ၊ သီဟို၊ အုန်းနှင့် ကွမ်းသီးပင် အများစု စိုက်ပျိုးသော ခြံမြေများနဘုလယ်၊ မင်းဒပ်၊ သပြေဖွန်း၊ ပဂေါဖွန်း၊ မူးဒူး၊ မူးဒူးအနောက်၊ ကမြိုင်ဆွဲ၊ ဝမ်းဇါ၊ ပိန်းရှောင်၊ ကျောက်ထောက်၊ ရေဖြူမြို့အနောက်ခြမ်း၊ ခမောင်းချောင်း၊ ဝက်ချောင်း၊ ကျခတ္တပင်အင်း၊ မယင်းကြီး၊ လဲရှောင်၊ ထိန်ကြီး၊ ရလိုင်၊ ကျောက်ဝှက်ကုန်း၊ ညောင်ပင်ဆိပ်၊ ဘရိန်းတို့ပြောင်းရွှေ့ရမှာ ဖြစ်သည်ဟု ဆိုသည်။

DDA အဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်နေ့က ရန်ကုန်မြို့တွင် ထားဝယ်စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် ရေရှည်စီမံလန်းမည့် စီမံကိန်းအဖြစ်မြင်လိုကြောင်း ဒေသခံများ၏ ဆန္ဒသဘောထားများကို သတင်းစာ ရှင်းလင်းပွဲတရပ်ဖြင့် ဖော်ပြခဲ့သည်။ ရွာသားများပိုင် ဥယျာဉ်မြေရှိ ရော်ဘာတပင် ကျပ် ၈,၀၀၀၊ သီဟိုလ်တပင် ၅,၀၀၀ သာ အစိုးရက လျော်ကြေးပေးရန် စီစဉ်ထားရာ ကာလပေါက်ဈေးထက် သုံးဆခန့် နည်းသည်ဟုလည်း ဆိုသည်။

ထားဝယ်ဖွံ့ဖြိုးမှု စီမံကိန်း ၁၀ နှစ်ကြာမည့် ထားဝယ်ရေနက်ဆိပ်ကမ်း၊စက်မှုဇုန်နယ်မြေနှင့်ထိုင်းနိုင်ငံသို့ကားလမ်း၊ရထားလမ်းများ ဖောက်ရေး နားလည်မှုစာချွန်လွှာကို ၂၀၀၈ ခု မေလတွင် မြန်မာစစ်အစိုးရနှင့် ထိုင်းအစိုးရအကြား ရေးထိုးပြီး၊ ၂၀၀၈ ခု ဇွန်လတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ - ထိုင်းကုမ္ပဏီ - ITD အကြား နားလည်မှု စာချွန်လွှာ လက်မှတ်ထိုးသည်။ စီမံကိန်းမူဘောင် သဘောတူစာချုပ်ကိုမူ ၂၀၁၀ နိုဝင်ဘာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဋ္ဌေးနှင့် ITD ကုမ္ပဏီ ဥက္ကဋ္ဌတို့ စာချုပ်သည်။

ထားဝယ်မြို့မှ ကုန်းလမ်း မိုင် ၂၀ ခန့်အကွာရှိ စီမံကိန်းတခုလုံး ဒေါ်လာ ၅၈ ဘီလီယံအထိ ကုန်ကျမည်ဟု ကနဦး ခန့်မှန်းထားကာ ပထမအဆင့် ၂၀၁၀-၂၀၁၄ ခုတွင် ဆိပ်ကမ်း၊ ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံ၊ စီးပွားရေးဇုံမြို့နယ်၊ ကားလမ်း၊ ရထားလမ်း ဖောက်လုပ်ရေးတို့ပါဝင်ကာ ဒေါ်လာ ၈.၆ ဘီလီယံ လျာထားသည်။ နောက်ပိုင်းတွင် အီတာလျံ-ထိုင်း ကုမ္ပဏီက ကုန်ကျမှု လျော့နည်းအောင် နည်းလမ်းရှာသွားမည်ဟု ပြောဆိုခဲ့သည်။

စီမံကိန်းနယ်မြေမှ ရေဖြူမြို့နယ်ကိုဖြတ်၍ ထိုင်းနိုင်ငံ ကန်ချနဘူရီခရိုင်သို့ ကီလိုမီတာ ၁၆၀ ရှည်ပြီး မီတာ ၂၂၀ (ပေ ၆၅၆) အကျယ်ရှိ ရှစ်လမ်းသွား ကားလမ်းနှင့် ရထားလမ်းလည်း ဖောက်လုပ်မည်ဖြစ်သည်။ လမ်းနှင့် အပြိုင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းတို့လည်း သွယ်တန်းတည်ဆောက်ကြမည်။

ထားဝယ်စက်မှုဇုန် စီမံကိန်းဒေသတွင်း လှုပ်ရှားနေသည့် ကရင်အမျိုးသားအစည်းအရုံး KNU ကမူ ITD ကုမ္ပဏီအနေဖြင့် နိုင်ငံတကာအဆင့်မီ လေ့လာစမ်းစစ်မှုများ မပြုလုပ်သဖြင့် လူထုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိနိုင်သည်ဟု အကြောင်းပြကာ ကားလမ်းဖောက်နေမှုကို တားမြစ်ထားသည်မှာ သုံးလကြာပြီ ဖြစ်သည်။

“အာမခံချက်ပေါ့လေ Environment Impact Assessment တွေ၊ Social impact တွေ တိတိကျကျ မလုပ်ရင် ကျနော်တို့လည်း သူတို့လမ်းဖောက်ဖို့ ကိစ္စကို ဖွင့်ပေးဖို့ အခက်ခဲရှိတယ်လေ။” ဟု KNU တပ်မဟာ-၄ မြိတ်- ထားဝယ်ခရိုင် ဥက္ကဋ္ဌ စောဝွယ်ထူးဝင်းက မဇ္ဈိမကို ပြောသည်။ လမ်းဖောက်နေသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ပြီး ယခုအခါ အုကြောင်းဖောက် တိုင်းထွာသည့် ပထမအဆင့် ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးသွားပြီဟု သူက ပြောသည်။

ထို့ပြင် မယင်းကြီးရွာ၊ ထိန်ကြီး၊ မူးဒူးရွာတို့နှင့် အနီးကပ်ဆုံးရှိသည့် ထားဝယ်ရေနက်ဆိပ်ကမ်း နယ်မြေအတွင်း၌ လူနေအဆောက်အဦး၊ အလုပ်သမားတန်းလျား၊ ရုံး၊ အစည်းအဝေးခန်းမ အပါအဝင် အဆောက်အဦး ၂၀၀ ကျော် ဆောက်ပြီးပြီဟုလည်းဒေသခံ တဦးက ပြောသည်။

ဦးဇော်ဇော်၏ မက်စ်မြန်မာကုမ္ပဏီခွဲ တခုဖြစ်သော ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီ၊ ကမ်းရိုးတန်း တိုင်းမှူးဟောင်း ဗိုလ်ချုပ်ခင်ဇော်ဦး၏ ညီဖြစ်သူ ဦးခင်ဇော်မင်းပိုင် Dawei Princes ကုမ္ပဏီ၊ မြန်မာအော်ရီဂျင်နယ်ဂရု၊ ကနောင်အေးရှား၊ တနင်္သာရီတိုင်းအမတ် ဦးဌေးမြင့်ပိုင် ယုဇနကုမ္ပဏီ၊ ဆန်းသစ်တို့က စီမံကိန်းတွင် စာချုပ်လက်ခွဲများရရှိထားကြသည်။

ထားဝယ်ဖွံ့ဖြိုးမှု စီမံကိန်းပြီးလျှင် ထိုင်းနိုင်ငံအနေဖြင့် အရှေ့ အလယ်ပိုင်းနှင့် ဥရောပသို့ တိုက်ရိုက် လမ်းပေါက် သွားမည် ဖြစ်ပြီးမလေးရှားကျွန်းဆွယ်ဘက်မှ ပတ်စရာမလိုတော့သဖြင့် သယ်ယူစရိတ် ၂၀ ရာခိုင်နှုန်းကျော် သက်သာသွားမည်ဟု သိရသည်။ ထို့ပြင် လာအိုနှင့် ဗီယက်နမ်တို့မှလည်း ထိုင်းနိုင်ငံကိုဖြတ်၍ အိန္ဒိယ သမုဒ္ဒရာမှ တဆင့် အနောက်နိုင်ငံများသို့ လမ်းပေါက်သွားမည်။

ထားဝယ်ဒေသခံများအတွင်း စီမံကိန်း ဆိုးကျိုးများကို ကျယ်ကျယ်ပြန့်ပြန့်သိစေရန် ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့ - DDA က ပညာပေးလုပ်ငန်းများကို တရားဝင်လုပ်ကိုင်နိုင်ရန် ကြိုးစားနေပြီး စိမ်းလန်းဖွံ့ဖြိုးမှုအပေါ် အခြေပြုသော စီမံကိန်းဖြစ်စေလိုကြောင်း ဒေသခံ ၆၀၀ ဦးကျော်က လက်မှတ်ရေးထိုး၍ သမ္မတဦးသိန်းစိန်နှင့် လူ့အခွင့်အရေးကော်မရှင်ထံ အိပ်ဖွင့်ပေးစာပို့ရန် စီစဉ်နေသည်။



# သတင်းတိုထွာဖတ်စရာ

## ဘဏ်မှ တိုက်ရိုက်ငွေလွှဲနိုင်တော့မည်

နိုင်ငံခြားမှာအလုပ်လုပ်သူတွေ ဘဏ်ကနေတဆင့်ငွေလွှဲနိုင်ရေး မြန်မာ အစိုးရမှ Cooperatives Bank, Kanbawza Bank and Asia Green Development Bank, များကို စင်္ကာပူ၊ ထိုင်းနဲ့ မလေးရှားတို့မှာ ဖွင့်လှစ်ပေး တော့မယ်လို့ဆိုပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများ ပြည်တွင်းမိသားစုများ ထံသို့ ဘဏ်မှတဆင့် တိုက်ရိုက်ငွေလွှဲနိုင်တော့မှာဖြစ်ပါတယ်။ နိုင်ငံခြားမှာ အ လုပ်လုပ်သူများ ၂၀၁၂ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြု လိုက်ကြောင်း အစိုးရမှ ကြေညာလိုက်သည်။ (Xinhua, Dec 24-2011)

## တရားခံဘယ်သူလဲ

ရန်ကုန်မှာဗုံးပေါက်ပြန်ပြီ၊ ကမာရွတ် လှည်းတန်းမီးပွိုင့်အနီး အများသုံး အိမ်သာမှာ ပေါက်တာပါ။ ဝင်ကြေးစောင့်ကောက်နေတဲ့ မိန်းကလေးတယောက် သေဆုံးသွားတယ်လို့ သတင်းကဆိုပါတယ်။ ဘယ်ကဗုံးလည်း၊ ဘယ်သူ့လက် ချက်ဆိုတာ အတိအကျပြောဆိုနိုင်ခြင်းမရှိသေးပါ။အစိုးရအကြောင်း အသဲနှလုံး မှာ ကျွဲပခုံးထအောင်သိနေတဲ့ လူထုကတော့ တရားခံဘယ်သူဆိုတာ သိနေပုံရ တယ်လို့ သတင်းကဆိုပါတယ်။ (VOB, Dec 21-2011)

## စစ်တပ်အင်အားထပ်ဖြည့်

ငြိမ်းချမ်းရေးဆွေးနွေးနေစဥ်မှာပဲ ကချင်ဒေသကို မင်းအောင်လှိုင်က စစ် တပ်တွေ အင်အားထပ်ဖြည့်နေတယ်လို့ဆိုပါတယ်။ ခြေမြန်တပ်ရင်း တပ်မဟာ ၄၄ ဟာ မင်းအောင်လှိုင်အမိန့်နဲ့မြစ်ကြီးနားကို ရောက်လာတယ်လို့ရှမ်းသတင်း စဥ်မှာဖော်ပြပါတယ်။ ခြေမြန်တပ်ရင်း ၆၆ ကိုလည်း ကချင်ဒေသကို ထပ်အင် အားဖြည့်ထားတယ်လို့လည် သတင်းစဥ်မှာဖော်ပြထားပါတယ်။ သုံးလအတွင်း တိုက်ပွဲဖြစ်ပွားတာကြောင့် တပ်မဟာမှ ၈၈ အရာရှိအပါအဝင် စစ်သား ၃၅၆ ယောက်ကျဆုံးသွားလို့ နောက်ထပ်အင်အား အဖြစ် တပ်မဟာ ၆၆ နဲ့ ၄၄ကို ထပ်ပို့ရတာလို့လေ့လာ သူတွေကဆိုပါတယ်။ (UPI, Dec 23-2011)

## ဝရမ်းပြေးတယောက် နေပြည်တော်ရောက်

ဖမ်းဝရမ်းထုတ်ခံထားရသော ထိုင်းဝန်ကြီးချုပ်ဟောင်း တပ်ခ်စင်ရှင်နာ ဝပ်တ်သည် မြန်မာသို့ ဒီဇင်ဘာ ၁၅ တွင် ရောက်လာပြီး ဝန်ကြီးချုပ်ဦးသိန်း စိန်၊ ဗိုလ်ချုပ်ကြီးဟောင်းဦးသန်းရွှေတို့နှင့် ထွန်းဖေါင်ဒေးရှင်းနှင့် တွေ့ဆုံခဲ့ကြောင်း နေးရှင်း၊ ဘန်ကောက်ပို့စ်နှင့် ထိုင်းဘာသာသတင်းစာတို့တွင် ဖေါ်ပြလိုက်တာ ကြောင့် သတင်းသမားများ အံ့သြစွာသိရှိကြရတယ်လို့ဆိုပါတယ်။ အစိုးရအာ ဘော်မြန်မာသတင်းစာများမှာ ဒီသတင်းကို လုံးဝဖော်ပြခြင်းမရှိဘူးလို့ မီဒီယာ သမားများက ဆိုပါတယ်။ (VOB, Dec 22-2011)

## အုံ့သြ ကုန်နိုင်ဖွယ်

ထိုင်းနိုင်ငံရဲ့ လေယာဥ်ကြီးတွေ၊ လေဆိပ် လမ်း တံတား အဆောက်အ ဦးတွေကို စတွေ့လိုက်တယ်ဆိုရင်ပဲ အလွန်အံ့သြမိတယ်လို့ ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင် ကိုဇာဂနာက ဆိုပါတယ်။ မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် ပြည်ပ ခရီးစဥ်အဖြစ် ထိုင်းနိုင်ငံကို ရောက်ရှိစဥ်အခုလိုပြောဆိုတာပါ။ ထိုင်းနိုင်ငံရှိ နိုင်ငံ ခြားသတင်းထောက်များအသင်းမှာ ကိုဇာဂနာအ အခုလို သတင်းထောက်တွေ ကို ပြောဆိုတာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်ပေမယ့် ထိုင်းနဲ့ မြန်မာဟာ သိပ်ကို ကွာခြားနေတယ်လို့လည်း ဆိုပါတယ်။ (AFP, Dec 20-2011)

## အပြည်ပြည်ဆိုင်ရာလေဆိပ်သို့

နေပြည်တော်ကို ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်နိုင်ဖို့ မျှော်လင့်တယ်လို့ သတင်းကဆိုပါတယ်။ ဟိုတယ်နဲ့ခရီးသွားလာရေးဝန်ကြီးရဲ့ ပြောဆိုချက်ကို ကိုးကားပြီး ဆင်ဟွာသတင်း ဖော်ပြတာဖြစ်ပါတယ်။ လက်ရှိမှာ နေပြည်တော်ကို စီးပွားရေး ရင်းနှီးမြှုပ်နှံလိုသူများသာ ရက်တိုခရီးအဖြစ် သွား ရောက်ခွင့်ရှိနေတာဖြစ်ပါတယ်။ နေပြည်တော် လေဆိပ်ကို အပြည်ပြည်ဆိုင်ရာ လေဆိပ်အဖြစ် ဖွင့်လှစ်လိုက်ပြီးနောက် အခုလို ကမ္ဘာလှည့်ခရီးသည်တွေအ တွက် နေပြည်တော်ကို သွားရောက်လည်ပတ်ဖို့ အခွင့်အလမ်းတွေ ဖြစ်ပေါ် လာတာဖြစ်တယ်လို့ဆိုပါတယ်။ (Xinhua, Dec 19-2011)

## ဒေါ်စုကို ဒေါ်ယင်းလတ်ထောက်ခံ

လာမယ့်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်က အနိုင်ရမယ်လို့ ယုံကြည်ကြောင်း ပြောဆိုတယ်လို့ ခေါင်းဆောင်နှစ်ဦးတွေ့ဆုံစဥ် Yingluck က ပြောပါတယ်။ ထိုင်းဝန်ကြီးချုပ် Yingluck ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို အပြည့်အဝထောက်ခံကြောင်း ပြန်လည်အားပေးပြောဆိုခဲ့တယ်လို့ ဆိုပါတယ်၊ မြန်မာနိုင်ငံရဲ့ တိုးတက်ပြောင်းလဲလာမှုဟာ အာဆီယံအဖွဲ့ကြီးအတွက်များစွာ အကျိုးသက်ရောက်စေမှာဖြစ်တယ်လို့လည်း ဘန်ကောက်ကို ပြန်ရောက်ပြီး Yingluck က သတင်းထောက်တွေကို ပြောဆိုပါတယ်။ ဒီအပြောင်းအလဲကို လည်း စောင့်ကြည့်ဖို့လိုတယ်လို့လည်းဆိုပါတယ်။ (AFP, Dec 21-2011)

## ဒေါ်ယင်းလတ် မေးခွန်းထုတ်ခံရ

သူ့နိုင်ငံမှ ဖမ်းဝရမ်းထုတ်ထားတဲ့ ထိုင်းဝန်ကြီးချုပ်ဟောင်း Thaksin ဟာ နေပြည်တော်ကိုသွားပြီး အငြိမ်းစားလို့ဆိုထားတဲ့ တပ်ချုပ်ကြီးကို ဂါဝရပြု တယ်လိုဆိုပါတယ်။ လက်ရှိဝန်ကြီးချုပ် Yingluck နေပြည်တော်ရောက်စဥ် အပြန်မှာ ရန်ကုန်ရှိ ဒေါ်အောင်ဆန်းစုကြည်နဲ့အဆင်ပြေချောမွေ့စွာတွေ့နိုင်ဖို့ တပ်ချုပ်ကြီးဦးသန်းရွှေကို သွားရောက်မေတ္တာရပ်ခံတာလို့ Thaksin ကဆို ပါတယ်။ Yingluck ကတော့ သူ့ခရီးစဥ်ဟာ သူ့အကိုတော်သူ Thaksin နဲ့ ဘာမှမပတ်သက်ဘူးလို့ ငြင်းဆိုပါတယ်။ (Bangkok Post, Dec 20-2011)

# ကျောင်းသားသမဂ္ဂအဆောက်အဦးကို ဖျက်ဆီးလိုက်ပေမယ့် သမဂ္ဂစိတ်ဓာတ် ဆက်လက်ရှင်သန်နေဦးမယ်

**DVB၊ ဒီဇင်ဘာ ၂၀ ။** ။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကို အင်္ဂလိပ်အစိုးရလက်ထက်မှာ ဖွဲ့စည်းခဲ့တဲ့အတွက် ဒီနေ့ ခေတ်အထိဆိုရင် မျိုးဆက် ၄ ဆက်တိုင်ရှိသွားခဲ့ပါပြီ။

ခေတ်အဆက်ဆက်မှာ ကျဆုံးခဲ့တဲ့ ကျောင်းသားသမဂ္ဂအဖွဲ့ ဝင်တွေရဲ့ ဂုဏ်ပြုပွဲကို ရန်ကုန် သမိုင်း မြို့မပရိယတ္တိ စာသင်တိုက်မှာ ကျင်းပခဲ့ရာ မျိုးဆက် ၄ ဆက်က ဗကသ ကျောင်းသားဟောင်းတွေ တွေ့ဆုံခဲ့ပြီး ဗကသနဲ့ပတ်သက်တဲ့ သမိုင်းဆိုင်ရာတွေကို ပြောဆိုကြ ပါတယ်။ ဒါဟာ နှစ်ပေါင်း ၂၀ ကျော်မှာ ပထမဦးဆုံး ဗကသအဖွဲ့ရဲ့ တရားဝင် စည်စည်ကားကားလုပ်တဲ့ အခမ်းအနားပါ။ အခမ်းအနားကို တက်ရောက်ခဲ့တဲ့ ၁၉၅၈ ဗကသ အမှုဆောင်ဟောင်း သတင်းစာဆရာ ဦးသာဘန်းကို ဆက်သွယ်မေးမြန်းထားပါတယ်။

**DVB ။** ။ ဗကသ နာမည်တွေ ပြန်သုံးလာတာတွေရှိတယ်။ ဗကသ အဟောင်းတွေလည်း ပြန်တွေ့လာတာရှိတော့ ဘဘ ဘယ်လိုခံစားရ လဲခင်ဗျ။

**ဦးသာဘန်း ။** ။ ငယ်ငယ်ကအကြောင်းတွေ သွားသတိရတာ ပေါ့။ ဒီနေ့အခမ်းအနားကိုတော့ ၂၀၀၇ အသစ်ပြန်ဖွဲ့တဲ့ မျိုးဆက်သစ် ကျော်ကိုကိုတို့၊ ဒီငြိမ်းလင်းတို့ သူတို့ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ ဗကသရဲ့ အဆက်တွေပေါ့။ သူတို့က ဦးဆောင်ကျင်းပတာ။ အဲဒီတော့ ဒီပွဲမှာ ကျနော်တို့ မျိုးဆက်သစ် လေးဆက်ပေါ့။

ဆရာကြီးဒဂုန်တာရာတို့ မျိုးဆက်၊ စစ်ပြီးစ မျိုးဆက်၊ ဒေါက် တာသန်းထွန်းတို့ခေတ်ပေါ့။ ဦးအုန်းမောင်တို့၊ အဲဒါပြီးတော့ ၅၃ မျိုးဆက်ပေါ့။ ၅၃ ကနေ ၆၂၊ နောက်ပြီးတော့ ၈၈ ကနေ ဒီဘက် ခေတ်မျိုးဆက်၊ မျိုးဆက်လေးဆက်ရဲ့ ဆုံပွဲက လူ ၁,၀၀၀ ကျော် လောက်လာပါတယ်။ အဲဒီမှာ ပထမဆုံး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ ကျဆုံးခဲ့တဲ့ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်နဲ့တကွ ခေတ်အဆက်ဆက် တိုက်ပွဲတွေမှာ ကျဆုံးခဲ့တဲ့ ကျောင်းသားရဲ ဘော်များ၊ နောက် လွတ် လပ်ရေးအပြီး ဟယ်ရီတန်က အစပေါ့။

၆၂ ခု၊ ၇ ဇူလိုင်၊ ၈၈ အဲဒီရဲဘော်တွေနဲ့ ထောင်ထဲမှာ အသက် ခံရတဲ့ ရဲဘော်တွေကို ဂုဏ်ပြုတဲ့ မျိုးဆက်သစ်များရဲ့ ဂုဏ်ပြုပွဲပေါ့ ။ အဲဒါကို ကျင်းပပါတယ်။ လာတဲ့လူကလည်း မျိုးဆက် လေးခုလုံး ဆရာဒဂုန်တာရာကအစ နောက်ဆုံး ကျော်ကိုကိုတို့ ခေတ်အထိ မျိုး ဆက်တွေလာကြပါတယ်။ မိန့်ခွန်းတွေပြောကြတယ်။

အထူးသဖြင့်တော့ စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ် မျိုးဆက် တွေဖြစ်ကြတဲ့ ရန်ကုန်တက္ကသိုလ်က ဦးလှရွှေတို့၊ မန္တလေးတက္ကသိုလ် က ဦးအောင်သူတို့၊ မိန့်ခွန်းပြောပြီးတော့ ၈၈ ခေတ်က ကိုညိုထွန်း တို့ နောက်ဆုံး ၂၀၀၇ ကျော်ကိုကိုတို့ ခေတ်ထိပြောကြပါတယ်။ ထူး ထူးခြား ခြား တခုကတော့ ဗိုလ်အောင်ကျော်ရဲ့ တူမအရင်း ဆရာမ ဒေါ်သန်းဌေးက ဟင်္သာတကနေလာပြီးတော့ မိန့်ခွန်းပေးပါတယ်။

သူတို့မိသားစုအကြောင်းပေါ့။ ဗိုလ်အောင်ကျော် မိသားစုရဲ့ ငယ်ငယ်ကဓာတ်ပုံတွေပါ ပြပါတယ်။ နောက်ပြီးတော့ ကျနော်တို့ တိုက်ပွဲမှာပါဝင်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင် လက်လှမ်းမီသ လောက် သူတွေရဲ့ ဓာတ်ပုံတွေလည်း ပြပါတယ်။

**DVB ။** ။ အရင်က ဘဘ လည်း ဗကသ မှာလည်း ပါဝင်ခဲ့ဖူးတော့ အခုအနေအထားက ဗကသ က ဘယ်ကိုရောက်နေပြီလဲလို့ ဘဘ အ နေနဲ့ ပြောလို့ရမယ်ထင်လဲ ဘဘ။

**ဦးသာဘန်း ။** ။ ဗကသ ကတော့ ဒီနေ့အချိန်မှာ ဒီမိုကရေစီအ ရေး ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားများ တန်းတူအရေး၊ ဖက်ဒရယ် နိုင်ငံ တော် တည်ဆောက်ရေးဖြစ်တဲ့ ပြည်သူတွေနဲ့အတူ ပါဝင်တိုက်ပွဲဝင် နေတယ်လို့ ပြောရမှာပေါ့။ ဆက်လက်တိုက်ပွဲ ဝင်နေကြပါတယ်။ အဲ တော့ ဗကသ ရဲ့ အနေအထားက ခေတ်အဆက်ဆက်မှာ ပြည်သူနဲ့ အတူ ရပ်တည်နေတယ်လို့ ပြောရမှာပေါ့။ အခုလည်း ရပ်တည်ချက်နဲ့ လှုပ်ရှားကြတာပေါ့။

**DVB ။** ။ အရင်တုန်းက ကျောင်းတက္ကသိုလ် ပရဝုဏ်အတွင်းမှာ ပေါ့ ဗကသ က၊ အခုက တက္ကသိုလ်ပရဝုဏ်အတွင်းမှာ မဟုတ်တာကို ဘဘ အနေနဲ့ ဘယ်လိုထင်မြင်လဲ။ ဘယ်လိုခံစားရလဲ။

**ဦးသာဘန်း ။** ။ တက္ကသိုလ်ပရဝုဏ်မှာ ခွင့်မပြုတော့ ရတဲ့နေ ရာလုပ်ရတာပေါ့။ ဒါက ပြည်သူတွေရဲ့ ထောက်ခံမှုကြောင့် အပြင်မှာ လုပ်လို့ရတာပေါ့။ ပြည်သူနဲ့ တသားတည်းရှိတဲ့ အတွက်ပေါ့။

**DVB ။** ။ ဘဘ အနေနဲ့ ဒီနေ့ ဗကသ ပွဲကို ၁၉၉၀ နောက်ပိုင်းမှာ ကြီးကြီးမားမား ခမ်းခမ်းနားနား တကယ်ဖြစ်တဲ့ပွဲလို့ ပြောလို့ရမှာပေါ့။ မန္တလေးညီလာခံအပြီး ၁၉၉၀ နောက်ပိုင်းပေါ့။ အဲဒီဟာကို ဘဘ အ နေနဲ့ ဘယ်လိုပြောလို့ရမလဲ။

**ဦးသာဘန်း ။** ။ အလွယ်ဆုံးပြောရရင်တော့ ကျောင်းသားရှိရင် ကျောင်းသားသမဂ္ဂက ရှိရမှာပဲ။ သူတို့က ကျောင်းသားသမဂ္ဂ အ ဆောက်အဦကို ဖျက်လိုက်ပေမယ့် သမဂ္ဂရဲ့စိတ်ဓာတ်က ဒီနေ့ထိ ရှင် သန်နေသေးတာ၊ ဆက်လက်ပြီးတော့လည်း ရှင်သန်နေဦးမှာပဲ။ အဲဒါ ကျနော့်အမြင်ပဲ။

---

# လွတ်လပ်ရေးနေ့ စီတန်းစုဝေးခွင့် မရ

**DVB၊ ဒီဇင်ဘာ ၂၃ ။** ။ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့မှာ ဒီ မိုကရက်တစ်ပါတီ (မြန်မာ) က ခေါင်းဆောင်တွေနဲ့ ပါတီဝင်တွေ ပါတီ ရုံးကနေ စုဝေးစီတန်းပြီး လွတ်လပ်ရေးကျောက်တိုင် အလေးပြုမယ့် အစီအစဉ်ကို သက်ဆိုင်ရာက ခွင့်မပြုဘူးလို့ပြောပါတယ်။

ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်တဦးဖြစ်တဲ့ဒေါ်သန်း သန်းန က .....

"အဲလိုဆိုရင် စီတန်းမသွားဘူး။ ဟိုမှာ တခါသွားပြီးတော့ဆုံကြ မယ့်ပေါ့။ အဲလို လုပ်ပြန်တော့လည်း၊ လွတ်လပ်ရေးကျောက်တိုင်ရှိ တဲ့ ရဲဌာနက တခါခွင့်မပြုဘူး။ သူတို့က ဘာဖြစ်လို့လဲဆို တော့စီတန်း သွားဖို့ဟာက ဥပဒေကပြဋ္ဌာန်း ပြီးပြီပေါ့။ ဒါပေမယ့် နည်းဥပဒေဆို တာက ထွက်မလာသေးဘူးတဲ့။ ဒါကတော့ အကြောင်း ပြချက်ပေါ့လေ အဲဒါကြောင့် သွားလို့မရဘူး" လို့ပြောပါတယ်။

ဒီမိုကရက်တစ်ပါတီရုံးဟာ မင်္ဂလာတောင်ညွန့်မြို့နယ်မှာရှိပြီး လွတ်လပ်ရေးကျောက်တိုင်က ကျောက်တံတားမြို့နယ် မဟာဗန္ဓုလ ပန်းခြံမှာရှိတဲ့အတွက် မင်္ဂလာတောင်ညွန့်ရဲစခန်းနဲ့ကျောက်တံတားရဲစ ခန်းကို ခွင့်ပြုချက်တောင်းတာပါ။

ရဲစခန်းက ခွင့်မပြုတဲ့အတွက် ပါတီရုံးချုပ်ကနေ လွတ်လပ်ရေး ပန်းခြံကို စီတန်းမသွားတော့ဘဲ လွတ်လပ်ရေးပန်းခြံမှာလူစုပြီး လွတ်

**စာမျက်နှာ ၁၆ သို့**

**ပြကွဒိန်မှ**

**ဒီဇင်ဘာ ၂၁ ၊** Mizzima ။ ။ ဒါရိုက်တာမင်းကိုကိုကြီးနှင့်ဦးသူရတို့ စီစဉ်ရိုက်ကူးသည့် အဲ့ဒီအခန်းဖြတ် Ban This Scene အဖြစ်မှန် ရုပ်ရှင်သည် ၂၀၁၂ ခု ဂျန်နဝါရီ ၄ နေ့၌ တော်ဝင်စက်တာတွင်ကျင်းပမည့် အနုပညာလွတ်လပ်ခွင့်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည်။

**ဒီဇင်ဘာ ၂၁ ၊** AlertNet ။ ။ မြန်မာအစိုးရသည် သောင်းချီသည့် ကချင်စစ်ဒုက္ခသည်များ အကူအညီရရေးအတွက် အကူအညီအဖွဲ့များနှင့် ရေရှည်ဆက်ဆံမှုပြုသင့်ကြောင်း Human Rights Watch မှဆို၏။

**ဒီဇင်ဘာ ၂၁ ၊** DVB ။ ။ ကမာရွတ်လှည်းတန်း အများသုံးအိမ်သာသစ်တွင် ပုံးကွဲရာ အနည်းဆုံး အမျိုးသမီးတဦးသေ တဦးဒဏ်ရာရခဲ့၏။

**ဒီဇင်ဘာ ၂၂၊** DVB ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူ့လွှတ်တော်ဥက္ကဌ သူရဦးရွှေမန်းနှင့် နေပြည်တော်တွင် တွေ့ဆုံဖွယ်ရှိ၏။ ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင်ဦးတို့သည် နက်ဖြန်နေပြည်တော်သို့ ခရီးနှင်မည်ဟု ဦးခွန်သာမြင့် (အဲန်အဲလ်ဒီမှဆို၏။)

**ဒီဇင်ဘာ ၂၂၊** DVB ။ ။ ၂၀၁၂ ဂျန်နဝါရီ ၄ လွတ်လပ်ရေးနေ့နှင့် ဖေဖော်ဝါရီတွင်တကြိမ်စီ နိုင်ငံရေးအကျဉ်းသားများအား နှစ်သုတ်ခွဲ၍ လွှတ်ပေးမည်ဟု ကရင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် မြန်မာအစိုးရ မီးရထားဝန်ကြီးဦးအောင်မင်းမှ အထူးသတင်းကောင်းအဖြစ်ပြောခဲ့ကြောင်း၏။

**ဒီဇင်ဘာ ၂၂၊** Business Times ။ ။ ထိုင်းမှ PTTEP ရေနံကုမ္ပဏီသည် နေပြည်တော်အနီး ရေနံကျင်း ၂ ကျင်း တူးဖော်ရန် တင်ဒါ ၂ ခု အနိုင်ရရှိကြောင်း ဒီဇင်ဘာ ၂၀ ညနေတွင် မြန်မာမှပြန်လာသော ထိုင်း စွမ်းအင်ဝန်ကြီး Pichai Naripthanphan မှ ဆို၏။

**ဒီဇင်ဘာ ၂၂၊** Narinjara ။ ။ ဒေသခံအစိုးရသည်တရုပ်ပြည်သို့သွားမည့် ပိုက်လိုင်းအတွက် လယ်သိမ်းခံရမည့် သူတောင်သူများအား တဦးလျှင်ကျပ် သုံးသိန်းဆီ အကြိုလျော်ကြေးအဖြစ်စတင်ပေး၏။

**ဒီဇင်ဘာ၂၂၊** VIVAnews ။ ။ အင်ဒိုနီးရှားနိုင်ငံ တောင်စူလဝေသီ ရှိ ရွာတရွာမှ မြန်မာ ၁၄ ဦးကို မှတ်ပုံတင် စာရွက်စာတမ်းမဲ့ဖမ်းမိရာ မိမိတို့သည် သြစတေးလျတွင် ခိုလှုံလိုကြောင်းဖြင့်ဆိုကြောင်း။

**ဒီဇင်ဘာ ၂၂၊** DVB ။ ။ ထိုင်းသို့ မြန်မာလုပ်သားများ တရားဝင်စေလွှတ်နိုင်ရန် ဒုဝန်ကြီးဦးမြင့်သိန်း ထိုင်းသို့ရောက်နေ၏။

**ဒီဇင်ဘာ၂၂၊** Narinjara ။ ။ တနသ်ာရီတိုင်း ပလောမြို့နယ် ဗာသ ရွာတွင် လှုပ်ရှားနေသော စစ်တပ်သည် ရွာသားများအပေါ် ဒီဇင်ဘာ ၇ မှ စ၍ ည မထွက်ရအမိန့်ထုတ်ခဲ့ကြောင်း။

**ဒီဇင်ဘာ ၂၂၊** SHAN ။ ။ ကချင်တပ်များနှင့် တတိယအကြိမ်ငြိမ်းချမ်းရေးဆွေးနွေးရန် စီစဉ်နေသော်လည်း ဒီဇင်ဘာ ၁၇ နေ့တွင် မြန်မာတပ်မ (၄၄) နှင့် (၆၆) ကြီးများဆက်လက်ပို့နေကြောင်း။

**ဒီဇင်ဘာ ၂၃၊** DVB ။ ။ အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်ဦးအောင်မင်းနှင့် ဒီဇင်ဘာ ၂၂ တွင်တွေ့ပြီး အစိုးရသည် တကယ်ငြိမ်းချမ်းရေးလိုလားပုံရကြောင်း မွန်ပြည်သစ်ပါတီ၏ ဦးနိုင်ဟံသာမှ ဒီဗွီဘီသို့ပြောကြား၏။

**ဒီဇင်ဘာ ၂၃၊** DVB ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အဲလ်ဒီလူကြီးများ ဒီဇင်ဘာ ၂၃ ၌ နေပြည်တော်တွင် ပါတီမှတ်ပုံတင်ရန် လက်မှတ်ရေးထိုးခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်ရုံးမှ အတည်ပြုပြောဆို၏။

**ဒီဇင်ဘာ ၂၃၊** DVB ။ ။ ဇန်နဝါရီ ၄ လွတ်လပ်ရေးနေ့တွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ) သည် လွတ်လပ်ရေးကျောက်တိုင်သို့ အလေးပြုရန် တန်းစီချီတက်ရန် အစီအစဉ်ကို အာဏာပိုင်များမှ ခွင့်မပြုကြောင်း။

**ဒီဇင်ဘာ ၂၃၊** Asian Correspondent ။ ။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများချက်ချင်းလွှတ်ရန် AIPMC သည် ကမ္ဘောဒီးယားရောက် ဇာဂနာနှင့် ဒီဇင်ဘာ ၂၁ တွင် တွေ့ပြီးနောက် တောင်းဆို၏။

**ဒီဇင်ဘာ ၂၃၊** MAI JA YANG, Burma, IRIN ။ ။ ခရစ်စမတ်နီးလာသော်လည်း ၄၅၀၀၀ ခန့်ရှိ ကချင်ပြည်နယ်ဒုက္ခသည်များသည် စခန်း ၃၀ ခန့်တွင် ခရစ်စမတ်ကျင်းပရန်ပင်ခက်ခဲနေကြောင်း။

**ဒီဇင်ဘာ ၂၃၊** Al Jazeera ။ ။ မြန်မာသည် ပိုမိုဒီမိုကရေစီကျလာသည်ဟုဆိုနေသော်လည်း မြန်မာတွင် သံဃာများသည် ဖိနှိပ်ခံခဲ့ရကြောင်း။

**ဒီဇင်ဘာ ၂၃၊** Mainichi Daily ။ ။ ဂျပန် ကုန်သွယ်စီးပွားအဖွဲ့များသည် မြန်မာတွင် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖြစ်မည်ဟု မျှော်လင့်ကာ မြန်မာသို့ တဖွဲဖွဲခရီးနှင်နေ၏။

**ဒီဇင်ဘာ ၂၃၊** BP ။ ။ မြန်မာအစိုးရနှင့်ကရင်သူပုန်များသည် မကြာမီ ငြိမ်းချမ်းရေးစာချုပ် ချုပ်သည့်အဆင့်သို့ ရောက်တော့မည်ဟု KNU မှဆို၏။

**ဒီဇင်ဘာ ၂၃၊** Irrawaddy ။ ။ ကမာရွတ်ပုံးပေါက်မှု တရားခံဖော်နိုင်သူကို မြန်မာအာဏာပိုင်များမှ ကျပ် ၅ သိန်းဆုငွေချီးမြှင့်မည်ဟုကြော်ငြာထား၏။

**ဒီဇင်ဘာ ၂၃၊** Irrawaddy ။ ။ ရွေးကောက်ပွဲသည် လွတ်လပ်၍မျှတစေရမည်ဟု ဒေါ်အောင်ဆန်းစုကြည်အား ကတိပြုကြောင်း။

**ဒီဇင်ဘာ ၂၃၊** RFA ။ ။ အင်းစိန်ထောင်တွင် နိုင်ငံရေးအကျဉ်း တသက်တကျွန်းကျနေသူ ဦးသက်နွယ်(ငြိမ်းချမ်း)သည် ကျန်းမာရေး ဆိုးဝါး၍ အင်းစိန်ဆေးရုံသို့ တင်ခဲ့ရကြောင်း။

**ဒီဇင်ဘာ ၂၄၊** BBC ။ ။ ထိုင်းရှိ မြန်မာလုပ်သားများအား ယာယီ နိုင်ငံကူးလက်မှတ် ထုတ်ပေးမည့် ရုံးခန်းခွဲ (၅) ခု ဖွင့်ရေးအတွက် မြန်မာအရာရှိများ ထိုင်းသို့ရောက်ရှိနေကြောင်း။

**ဒီဇင်ဘာ ၂၄၊** BBC ။ ။ ကချင်ဒုက္ခသည်များအတွက် ဒေါ်အောင်ဆန်းစုကြည်သည် ကျပ်ငွေ သိန်းသုံးရာ လှူဒါန်း၏။

**ဒီဇင်ဘာ ၂၄၊** VOA ။ ။ ပါတီ တရားဝင်မှတ်ပုံတင်ခွင့် အတည်ပြုချက်ရသည်နှင့်တပြိုင်နက် အဲန်အဲလ်ဒီပါတီဖွဲ့စည်းပုံအသစ် အပါအဝင် ကြားဖြတ်ရွေးကောက်ပွဲ အမတ်လောင်းစာရင်းကြေငြာမည်။

**ဒီဇင်ဘာ ၂၄၊** RFA ။ ။ ဦးဇာဂနာနှင့်အဖွဲ့ တောင်ငူထောင်ရှိ နိုင်ငံရေးအကျဉ်းသား ၅၉ ဦးတို့အား တွေ့ဆုံလှူဒါန်း၏။

**ဒီဇင်ဘာ ၂၄၊** RFA ။ ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်းသည် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု FDB အတွင်းရေးမှူး ဒေါက်တာနိုင်အောင်တို့ ဒီဇင်ဘာ ၂၁ တွင် မဲဆောက်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။

# ပြိုင်ပွဲဝင်မယ့် "အဲဒီအခန်းဖြတ်" ဇာတ်ကားအဖြစ်မှန်ဟု ဒါရိုက်တာပြော

**Mizzima | ဒီဇင်ဘာ ၂၁ ။** ။ 'အဲ့ဒီမြန်မာ့ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့၏ ရုပ်ရှင်နှင့် ဗီဒီယိုများအပေါ် ဆင်ဆာဖြတ်တောက်မှု အခြေအနေများကို ပထမဆုံး သရုပ်ဖော်ရိုက်ကူးထားသည့် "အဲ့ဒီအခန်းဖြတ်" ရုပ်ရှင်ကားတိုသည် တကယ့် ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားခြင်းဟု ထိုရုပ်ရှင်ကို ကိုယ်တိုင် ဇာတ်ညွှန်းရေးပြီး ရိုက်ကူးခဲ့သူ ဒါရိုက်တာဝိုင်းက မဇ္ဈိမကို ပြောသည်။

"အဲဒီထဲမှာ တကယ်အမှန်အကန် အကုန်ပါတာ။ ကျနော်လုပ်ကြံပြီး ရိုက်ထားတာ တခုမှမပါဘူး။ တကယ့် ဖြစ်ရပ်မှန်တွေပါ။" ဟု ဒါရိုက်တာဝိုင်းက မဇ္ဈိမကိုပြောသည်။ အဆိုပါ ဇာတ်ကားနှင့်ပတ်သက်၍မိမိတို့ရုပ်ရှင်လောကသားများခံစားနေရသည့်ဆင်ဆာဖြတ်တောက်မှုများကို တင်ပြလိုခြင်းဟုလည်း ဒါရိုက်တာဝိုင်းက ပြောသည်။

၁၈ မိနစ်ကြာမြင့်သည့် အဆိုပါရုပ်ရှင်ကားတွင် ပြန်ကြားရေး၊ ပြည်ထဲရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ သာသနာရေး စသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်ဖွဲ့စည်းထားသည့် ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့သည် ယင်းတို့ကိုယ်စားပြုသည့် ဝန်ကြီးဌာနကို ထိခိုက်စေမည့် ပြကွက်များ စိစစ်ဖြတ်တောက်ပုံကို သရုပ်ဖော်ရိုက်ကူးထားခြင်းဖြစ်သည်

ဒါရိုက်တာရိုက်ကူးတင်ပြလာသည့်သူတောင်းစားအခန်းကိုပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမှ "သူတောင်းစားက အပြင်မှာရှိချင်ရှိမယ် ရုပ်ရှင်ထဲမှာမရှိရဘူး။ ဒါ နိုင်ငံတော်ကို သိက္ခာချနေတာ။"ဟုဆိုကာဖြတ်ပစ်သည့်ဇာတ်ဝင်ခန်းကိုလည်း ရိုက်ကူးတင်ပြထားသည်။

ယင်းအပြင်ဝန်ထမ်းများလာဘ်စားသည်ကိုသရော်သည့်ရုပ်ရှင်ဇာတ်ဝင်ခန်း တင်ပြရိုက်ကူးထားသည်ကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနမှဝန်ထမ်းက " Good Governance Clean Government လုပ်နေတဲ့အချိန်မှာ အဲဒီပြကွက်တွေ ခွင့်ပြုလိုက်ရင် အကုန်လုံးကွိုင်တက်ကုန်မှာပေါ့။" ဟုဆိုကာ ဖြတ်ခိုင်းပြန်သည်။

ထိုကဲ့သို့ မိမိတို့ ဖန်တီးထားသည့် အနုပညာကို ဖြတ်တောက်မှုများကြောင့် စိတ်ထိခိုက်ရသည်ဟုလည်း ဒါရိုက်တာဝိုင်းကပြောသည်။

"တခါတလေကျရင် အသေအလဲ သရုပ်ဆောင်ထားတဲ့ပြကွက်တွေ ဘာမှန်းမသိဘဲနဲ့ဖြတ်ခံလိုက်ရတယ်။ ဒီမှာ လုပ်ထားတာကရင်ဘတ်တွေနဲ့လုပ်ထားတာ သေရော။ သူတို့တွေကကျနော်တို့ နလုံးသားတွေကို ဓါးနဲ့ဖြတ်လိုက်သလိုပဲ။ အဲဒီအခါကျတော့ သရုပ်ဆောင်တွေမှာလည်းအခက်အခဲ၊ဒီဘက်ကစဉ်းစားပြီး လုပ်ထားတဲ့ ဇာတ်ညွှန်းဆရာမှာလည်း အခက်အခဲ၊ ဖန်တီးထားတဲ့ဒါရိုက်တာ မှာလည်း အခက်အခဲ Felling တွေက သွားပြီပေါ့ဗျ။ လူကိုသတ်တာထက် Felling တွေကို သတ်တာ ပိုဆိုးတယ်။" ဟု ဝိုင်းက မဇ္ဈိမကို ပြောသည်။

အဲဒီအခန်းဖြတ် ဇာတ်ကားတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းအဖြစ် သရုပ်ဆောင်ခဲ့သူ သရုပ်ဆောင် ကိုဇော်ဝင်းနိုင်ကလည်း "ကိုယ်ရိုက်တဲ့ အခန်းလေးဖြတ်တဲ့အထဲ ပါသွားတယ်ကွ ဆိုတာ ကျနော်တို့ကားတွေတော်တော်များများခံစားဖူးပါတယ်။အဲဒါဖြတ်တဲ့အထဲ ပါသွားတယ်ဆို ရင်ထဲမချမ်းသာဘူးလေ။ ဩော် ငါတို့ လုပ်ထားတာ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးတို့ ဘာတခုမှလည်း မစော်ကားဘူး၊ နောက် ဆဲရေးတိုင်းထွာတာလည်း မဟုတ်ဘူးဗျ။" ဟု မဇ္ဈိမကိုပြောသည်။

ယင်းအပြင် ဆင်ဆာဘုတ်အဖွဲ့သည် ရိုက်ကွက်တခုတည်းကိုပင် ပေးချင်သည့်သူကိုပေးကာ၊ မပေးချင်သည့်သူကို ဆင်ဆာဖြတ်တောက် မှုများပြုလုပ်သည်ဟု ဒါရိုက်တာဝိုင်းက မဇ္ဈိမကိုပြောသည်။

"အဲဒီအခန်းဖြတ်"ရုပ်ရှင်ဇာတ်လမ်းတိုသည်ဒါရိုက်တာမင်းထင်ကိုကိုကြီးနှင့် ဒါရိုက်တာ ကိုသူရတို့ ဦးဆောင်ကျင်းပသည့် လွတ်လပ်ခြင်း အနုပညာ ရုပ်ရှင်ပွဲတော်အတွက် ပြိုင်ပွဲဝင်ကားဖြစ်သည်ဟုလည်း သိရသည်။

လွတ်လပ်ခြင်း အနုပညာ ရုပ်ရှင်ပွဲတော်အတွက် ပြိုင်ပွဲဝင်ကား ပေါင်း ၁၈၀ ခန့်လက်ခံရရှိပြီး ဇန်နဝါရီလ ၁၊ ၂၊ ၃ ရက်နေ့များတွင် ရွေးချယ်ကာ လေးရက်နေ့တွင် ဆုပေးပွဲကျင်းပမည်ဟုလည်း ဒါရိုက်တာမင်းထင်ကိုကိုကြီးက မဇ္ဈိမကို ပြောသည်။ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့တော်ဝင်စင်တာ ဟိုတယ် အထပ် ခုနစ်တွင် ကျင်းပမည်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ကာ ဆုချီးမြှင့်မည်ဟုလည်း သိရသည်။ ဆုကြေးကို ကျပ်ငွေ ၁၀ သိန်း ပေးမည်ဟု သိရသည်။

# ဦးတင်ဦးနှင့်ဒေါ်စု ပါတီခေါင်းဆောင်အဖြစ်အမည်တင်သွင်း

**Mizzima| ဒီဇင်ဘာ ၁၉ ။** ။ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမခေါင်းဆောင်အဖြစ် ဦးတင်ဦး၊ ဒုတိယ ခေါင်းဆောင်အဖြစ် ဒေါ်အောင်ဆန်းစုကြည်တို့ကို အမည်စာရင်း တင်သွင်းမည်ဖြစ်ကြောင်းသိရသည်။

တနင်္လာနေ့နံနက်ပိုင်းက ပြုလုပ်သည့် အန်အယ်လ်ဒီပါတီ တည်ထောင်သူ ၂၁ ဦး အစည်းအဝေးတွင် ဦးတင်ဦးနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ကို ခေါင်းဆောင်များအဖြစ် ရွေးချယ်ခဲ့ပြီး ယင်းတို့နှစ်ဦး မကြာမီ နေပြည်တော်သို့သွားရောက်၍ ရွေးကောက်ပွဲကော်မရှင်တွင် ပါတီမှတ်ပုံတင်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောသည်။

"၂၁ ဦး အစည်းအဝေးမှာ နေပြည်တော်ကိုသွားပြီး ကော်မရှင်မှာ NLD ပါတီကို မှတ်ပုံတင်ဖို့ ပထမခေါင်းဆောင်နဲ့ ဒုတိယခေါင်းဆောင် ရွေးတယ်။ ပထမခေါင်းဆောင်က ဦးတင်ဦး၊ ဒုတိယ ခေါင်းဆောင်က ဒေါ်အောင်ဆန်းစုကြည်။ သူတို့က မကြာခင်မှာ နေပြည်တော်ကို သွားပြီးတော့ ကော်မရှင်နဲ့တွေ့ဆုံပြီးတော့ NLD ကို တရားဝင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်လိမ့်မယ်" ဟု ဦးဉာဏ်ဝင်းက ပြောသည်။

ဦးတင်ဦးနှင့်ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သို့ သွားရောက် မှတ်ပုံတင်မည့်ရက်ကို ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို ကော်မရှင်က ထုတ်ပြန်ခြင်း မရှိသေးသည့်အတွက် မဲဆန္ဒနယ်များနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ထားခြင်း မရှိသေးကြောင်း ဦးဉာဏ်ဝင်းက ပြောသည်။

"ကော်မရှင်ကတောင်မှရွေးကောက်ပွဲ ဘယ်နေ့လုပ်မယ်ဆိုတာ မပြောသေးတဲ့အတွက် သူဘယ်နေ့ပြောမလဲဆိုတာ စောင့်ရမှာပေါ့။ ဒါပေမဲ့ မဲတော့ ဆွယ်ကြလို့ပြောတယ်။ တို့မှာ ဘယ်နေရာမှာ ဘယ်သူ ဝင်ပြိုင်မယ်ဆိုတာ တိတိကျကျ ဆုံးဖြတ်ထားတာ မရှိသေးဘူး"ဟု NLD ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ဆိုသည်။

မဲဆွယ်မှုလုပ်ငန်းများ မစသေးသော်လည်း ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် လိုအပ်သည့်ဖွဲ့စည်းမှုများ ပြုလုပ်ပြင်ဆင်ထားကြောင်း ဦးဉာဏ်ဝင်းကပြောသည်။

# စာနယ်ဇင်းလွတ်လပ်ခွင့် အဆိုးဆုံးစာရင်းမှာ မြန်မာနိုင်ငံ မပါတော့ပါ

**VOA | ဒီဇင်ဘာ ၂၂ ။** ။ ကမ္ဘာတဝန်း ဒီနှစ်ထဲ သတင်းသမားတွေ အန္တရာယ်ရှိတဲ့ အခြေအနေမျိုးတွေနဲ့ ကြုံခဲ့ရပြီး မြန်မာနိုင်ငံဟာဆိုရင်လည်း အပြောင်းအလဲတွေရှိခဲ့ပေမဲ့ သတင်းလွတ်လပ်ခွင့် နိမ့်ကျနေတုန်းပဲလို့ နိုင်ငံတကာ စာနယ်ဇင်း လွတ်လပ်ခွင့်အဖွဲ့တခုက ပြောဆိုလိုက်ပါတယ်။ အစိုးရက ပြုပြင်ပြောင်းလဲမယ်လို့ ကတိပြုပြီး အပြောင်းအလဲတချို့လုပ်လာတာ မှန်ပေမဲ့ သတင်းလွတ်လပ်ခွင့်တွေမှာတော့ တိုးတက်မှုမရှိဘူးလို့ ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြား သတင်းသမားများအဖွဲ့ RSF က နှစ်စဉ် အစီရင်ခံစာထုတ်ပြန်ရာမှာ ပြောဆိုလိုက်တာပါ။ အပြည့်အစုံကိုတော့ မနန္တာချမ်းက တင်ပြပေးထားပါတယ်။

နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့ RSF ကနေ ထုတ်ပြန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်အစီရင်ခံစာထဲမှာ -သတင်းထောက်တွေအတွက်အန္တရာယ်အများဆုံး ၁၀ နိုင်ငံစာရင်းမှာ - ဒီနှစ် မြန်မာနိုင်ငံ မပါဝင်တော့ပေမဲ့ - သတင်းလွတ်လပ်ခွင့်ကတော့ ဆက်ပြီးနိမ့်ကျနေတုန်းပဲလို့ ဖော်ပြထားပါတယ်။ ပြီးခဲ့တဲ့နှစ်မှာတုန်းက ကမ္ဘာတဝန်း သတင်း လွတ်လပ်ခွင့် အနိမ့်ဆုံး ၅ နေရာအဆင့်မှာ ရှိနေခဲ့တဲ့ မြန်မာနိုင်ငံဟာ ဒီနှစ်မှာတော့ လူထုအုံကြွမှုတွေကြုံခဲ့ရတဲ့ အာရပ်နိုင်ငံတွေက ထိပ်ဆုံးကို ရောက်လာတဲ့အတွက် အရင်ကလို အဆိုးဆုံး ၁၀ နိုင်ငံစာရင်းမှာ မြန်မာမပါဝင်တော့တာလည်း ဖြစ်ပါတယ်။

သမ္မတဦးသိန်းစိန် အရပ်သားအစိုးရတက်လာပြီးနောက်ပိုင်း - သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို လေးစားမယ့်အကြောင်း ကတိပြုပြီး သတင်းမီဒီယာတွေအပေါ် တင်းကြပ်မှုတွေကို အနည်းငယ်လျှော့ပေးလာတာမျိုးလို ပြောင်းလဲမှုတချို့ မြင်တွေ့လာရပေမဲ့လို့ - စက်တင်ဘာလနှောင်းပိုင်းမှာ ဒီမိုကရက်တစ်မြန်မာ့အသံ DVB သတင်းထောက်တယောက်ကို နှစ်ရှည် ထောင်ဒဏ်ချလိုက်တာမျိုးတွေရှိခဲ့တယ်လို့လည်းပြောဆိုခဲ့ပါတယ်။ တခုလုံးအနေနဲ့ ခြုံပြောရင်တော့ မြန်မာနိုင်ငံက သတင်းလွတ်လပ်ခွင့်အခြေအနေဟာ မကောင်းသေးဘူးလို့ RSF ရဲ့ အာရှ-ပစိဖိတ်တာဝန်ခံ ဘင်ဂျာမင် အစ္စမေးလ်က ပြောလိုက်တာပါ။

ဒါ့အပြင် နိုင်ငံခြားသတင်းထောက်တွေအပေါ် ဗီဇာကန့်သတ်မှုလို - တင်းကျပ်မှုတွေကလည်း ရှိနေဆဲဖြစ်တဲ့ နိုင်ငံတခုလို့ သူကအခုလို ပြောဆိုခဲ့ပါတယ်။

"အစိုးရက ပြည်ပက သတင်းထောက်တွေကိုလည်း များများစားစားပြည်ဝင်ခွင့် ဗီဇာတွေ မပေးသေးပါဘူး။ ဗဟုဝါဒလည်း မထွန်းကားသေးပါဘူး။ လွတ်လပ်တဲ့ သတင်းမီဒီယာတွေ ရှိဖို့အတွက် လိုအပ်တဲ့ မတူကွဲလွဲတဲ့ အမြင်တွေနဲ့ ကြိုတင်ခွင့်ပြုချက် တောင်းခံစရာမလိုဘဲ ရေးသားခွင့်၊ အသံလွှင့်ခွင့်တွေနဲ့ ပုဂ္ဂလိက မီဒီယာတွေ ပေါ်ထွန်းလာတာမျိုး မရှိသေးဘဲလည်း မရှိသေးပါဘူး။"

မကြာသေးခင်ကပဲ - ဂျာနယ်တော်တော်များများကို ထုတ်တင်စနစ်လို့ခေါ်တဲ့ ဆင်ဆာအရင် တင်စရာမလိုတော့ဘဲ ထုတ်ဝေခွင့်ပေးခဲ့သလို - အရင်က လုံးဝဖော်ပြခွင့်မရခဲ့တဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်တဲ့ သတင်းတွေ၊ဓာတ်ပုံတွေကို ဖော်ပြခွင့်ပြန်ရတာလို တိုးတက်မှုတချို့ ရှိလာတာတွေရပေမဲ့ - ဒီအခြေအနေတွေဟာ နောက်ပြန်မဆုတ်တော့ဘူးလို့ မခန့်မှန်းနိုင်ကြောင်း လည်း သူက အခုလိုဆက်ပြောခဲ့တာပါ။

"မီဒီယာတွေ အနေနဲ့ အခုအခါ တိုင်းပြည်အပေါ် သက်ရောက်မှုတွေနဲ့ပတ်သက်လို့ အခုအခါမှာ ပိုပြီး ဖော်ပြကောင်း ဖော်ပြလာနိုင်တဲ့ပုံ ပေါ်ပါတယ်။ ဒါပေမဲ့လည်း ကျနော်ယူဆတာကတော့ အစိုးရနဲ့ သူ့ရဲ့မူဝါဒတွေအပေါ် လွတ်လွတ်လပ်လပ် ဝေဖန်လို့ရပြီလားဆိုတဲ့ အဆင့်အထိတော့ ကျနော်မပြောနိုင်သေးပါဘူး။"

RSF ရဲ့ အာရှ-ပစိဖိတ်တာဝန်ခံ ဘင်ဂျာမင် အစ္စမေးလ်ပြောဆိုခဲ့တာပါ။ လောလောဆယ် မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲမှာ - အကျဉ်းကျခံနေရတဲ့စာနယ်ဇင်းသမား ၂၅ယောက်ရှိနေဆဲလည်းဖြစ်ပါတယ်။ဒီနှစ် ၂၀၁၁ ခုနှစ်ရဲ့ အစီရင်ခံစာထဲမှာ သတင်းသမားတွေအတွက် အန္တရာယ်အများဆုံး ၁၀ နိုင်ငံကတော့ - လူထုအုံကြွမှုတွေ ဖြစ်ပွားနေတဲ့ အာရပ်နိုင်ငံတွေမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနှစ်အတွင်း အသတ်ခံခဲ့ရတဲ့ သတင်းသမားအရေအတွက်ဟာလည်း ၆၆ ယောက်အထိရှိပြီး - ဒါဟာဆိုရင် မနှစ်ကထက် ၁၆ ရာခိုင်နှုန်းအထိပိုများလာတာလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတဝှမ်း ဖမ်းဆီးခံရတဲ့ -သတင်းထောက်အရေအတွက်ဟာ - ၁ ထောင်ကျော်ရှိပြီး-ဘလော့ဂါသမားတွေနဲ့ အင်တာနက်အသုံးပြုသူ ဖမ်းဆီးခံရတဲ့ အရေအတွက်ဟာလည်း ၁၉၉ ယောက်အထိ ရှိတာဖြစ်ပါတယ်ရှင်။

---

## ထောင်တွင်း နိုင်ငံရေးအကျဉ်းသား ကျန်းမာရေးဆိုးဝါး

**RFA| ဒီဇင်ဘာ ၂၃ ။** ။ အင်းစိန်ထောင်မှာ ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုသက်နွယ်ခေါ် ကိုငြိမ်းလူဟာ ကျန်းမာရေးအခြေအနေ ဆိုးဝါးလာလို့ ပြီးခဲ့တဲ့အပတ်က အင်းစိန်ပြည်သူ့ဆေးရုံကို တင်လိုက်ရပါတယ်။

ကိုသက်နွယ်ဟာ နှိပ်စက်ညှဉ်းပန်းခံရတဲ့ ဒဏ်တွေကြောင့် အာရုံကြောတွေချွတ်ယွင်းပြီး စိတ်အာရုံမစုစည်းနိုင်ဘဲ ဖြစ်နေတာကို အရှုံးတိုက်ထဲမှာ ထည့်ထားခံရကြောင်း၊ လမ်းလည်း မလျှောက်နိုင်တော့ကြောင်း အမဖြစ်သူ ဒေါ်မာလာနွယ်က ပြောပြပါတယ်။

"သူ့အဆုတ်ထဲကနေ ရေ ဖောက်ထုတ်တာ ပထမအကြိမ်ဖောက်တာက ရေသန့်ဗူးနဲ့ နှစ်ဗူးခွဲ ရပါတယ်။ နောက်တကြိမ် ဗုဒ္ဓဟူးနေ့ဖောက်တာ ရေသန့်ဗူးနဲ့ နှစ်ဗူး ထပ်ရပါတယ်။ နောက် တပတ်အကြာမှာ လုံးဝ မသက်သာဘဲနဲ့ ထောင်ထဲကို ပြန်သွင်းသွားပါတယ်။ ထောင်ထဲမှာ တရက်နေပြီးတော့ သတိလစ်မေ့မြောတဲ့အတွက် အခုဆေးရုံကို ပြန်ရောက်နေပါတယ်။

လမ်းလည်း မလျှောက်နိုင်ဘူး၊ နောက်ပြီး မျက်လုံးတွေကလည်း ကြောင်တောင်တောင်နဲ့၊ သွားတဲ့ အမကိုတောင် သတိ မရတချက် ရတချက် ဖြစ်နေပါတယ်။ တခုစိတ်မကောင်းတာက ကြာသပတေးနေ့က 'ရောင်း' လှည့်တဲ့ဆရာဝန်က... ထောင်ဆေးရုံကို ပိတ်ထားရင်ကောင်းမယ်တဲ့၊ ထောင်ထဲကလူတွေ လာတက်တဲ့အတွက် ငါတို့ ပိုက်ဆံတပြားမှမရဘူးဆိုတဲ့စကားကို အကျဉ်းသား အားလုံးကို ပြောသွားပါတယ်"

၂၀၀၂ ခု ဒီဇင်ဘာလ ၁၀ ရက်က နေအိမ်ကို ထောက်လှမ်းရေးတွေ ဝင်ရောက်ရှာဖွေရာမှာ သက်သေခံပစ္စည်း တစ်စုံတစ်ရာ မတွေ့ရဘဲ လက်နက်ဝှက်ထားမှုနဲ့ ကိုသက်နွယ်ကို ထောင်ဒဏ် တစ်သက် ချမှတ်ခဲ့တယ်လို့ ဒေါ်မာလာနွယ်က ဆိုပါတယ်။

# ချင်းအမျိုးသားနေ့ကျင်းပရေး ပြည်နယ်ဝန်ကြီးချုပ်က လက်မခံ

**Mizzima | ဒီဇင်ဘာ ၂၁ ။** ။ ဖေဖော်ဝါရီ ၂၀ ရက်အား ချင်းအမျိုးသားနေ့အဖြစ် ပြန်လည်သတ်မှတ်ကျင်းပရန်ပြည်ထောင်စု အစိုးရက ခွင့်မပြုသေး၍ ပြည်နယ်ဝန်ကြီးချုပ်က လက်မခံကြောင်း မင်းတပ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ အင်္ဂါနေ့က ခေါ်ယူ အသိပေးလိုက်သည် ။

ချင်းအမျိုးသားနေ့ ကျင်းပရေး အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်မန်း (အငြိမ်းစား ငှက်ဖျားတိုက်ဖျက်ရေးမှူး) လက်မှတ်ထိုး၍ နိုဝင်ဘာ ၂၃ ရက်နေ့စွဲဖြင့် ပေးပို့လိုက်သည့် ချင်းအမျိုးသားနေ့ ကျင်းပရေးစီမံချက်အား ဝန်ကြီးချုပ်ဦးဟုန်းငိုင်းက ကြေးနန်ဖြင့် ပြန်ကြားလိုက်ခြင်းဖြစ်သည်။

"ပြည်ထောင်စု အစိုးရက ခွင့်မပြုသေးလို့ ခွင့်ပြုတဲ့ အချိန်ကျမှသာလျှင် ကျင်းပဖို့ဆိုပြီး ပြည်နယ် ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်အရ ဘောလုံးကွင်းမှာ ချင်းပြည်နယ်နေ့ပဲ ကျင်းပမယ်လို့ ဒီနေ့ မြို့နယ်ထွေ/အုပ်ရုံးမှာ အစည်းအဝေးခေါ်ပြီး ကြေးနန်းဖတ်ပြတယ်။ အမျိုးသားနေ့ကိုတော့ ရပ်ကွက်အနေနဲ့ ကျေးရွာအနေနဲ့ ကျင်းပလို့ ရပါတယ်တဲ့" ဟု အစည်းအဝေး တက်ရောက်ခဲ့သည့် ကော်မတီဝင် သစ်ကုန်သည် တဦးက မဇ္ဈိမကို ပြောသည်။

ချင်းအမျိုးသားနေ့ ကျင်းပရေး အမြဲတမ်းကော်မတီအား နိုင်ငံရေးပါတီဝင်များမဟုတ်သည့် မင်းတပ်နှင့် ကန်ပက်လက် မြို့နယ်မှ အငြိမ်းစားဝန်ထမ်းများ၊ ကုန်သည်များ၊ ရပ်မိရပ်ဖ ၆၀ ကျော်ဖြင့် ဧပြီလ ၁၇ ရက်နေ့က ဖွဲ့စည်းထားခြင်းဖြစ်သည်။

ပါလီမန် ဒီမိုကရေစီခေတ်က စတင် ကျင်းပလာခဲ့သည့်ချင်းအမျိုးသားနေ့အား ဦးနေဝင်း ခေါင်းဆောင်သည့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှသည် ယနေ့တိုင် ပြည်နယ်နေ့အဖြစ် အစိုးရအဆက်ဆက်က ပြောင်းလဲ ကျင်းပလာခဲ့ခြင်းဖြစ်သည်။

"ချင်းအမျိုးသားနေ့က ၁၉၄၉ ကနေ စရေတွက်မယ်ဆို ၆၄ နှစ်ရှိပါပြီ။ ပြည်နယ်နေ့က ၁၉၇၄ ဇန်နဝါရီ ၃ ရက်ကနေ စရေတွက်ရင် ၃၆ နှစ်ပဲ ရှိပါသေးတယ်။ ချင်းပြည်နယ်နေ့ကို ဇန်နဝါရီလ ၃ ရက်နေ့မှာ ကျင်းပမယ်ဆိုရင် ကျနော်တို့ အားလုံး ပါဝင်ပေးမယ်လို့ တင်ပြတာကို လက်မခံဘူး။ ကျန်တဲ့မြို့နယ်တွေမှာလည်း ဒီလိုပဲ ကိုယ့်ဟာကိုယ် ခဲရာခဲဆစ် ကျင်းပကြရတာပါ" ဟု အသက် ၇၀ ကျော်အရွယ် ကော်မတီဝင်တဦးက ပြောသည်။

အမျိုးသားနေ့တရားဝင်ကျင်းပနိုင်ရေးအတွက်ဇန်နဝါရီလဆန်းတွင် သမ္မတထံ ဆက်လက်တင်ပြသွားမည်ဟု သိရသည်။ ၂၀၁၂ခုနှစ် ချင်းပြည်နယ်နေ့ကိုမူ မြို့နယ်ဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၁၈-၁၉-၂၀ ရက်နေ့များတွင်ပြည်နယ်အစိုးရမှ ဦးစီးကျင်းပမည်ဖြစ်သည်။ ချင်းတိုးတက်ရေးပါတီများအနေနှင့် ချင်းအမျိုးသားနေ့နှင့် ပတ်သက်၍ ဆွေးနွေး ဆုံးဖြတ်ချက်မရှိသေးကြောင်း အထွေထွေအတွင်းရေးမှူး (၁) ဦးဒိုင်းထုံးက ပြောသည်။

"ခုထက်ထိတော့ ကျနော်တို့မှာ အဲဒီကိစ္စ ဆွေးနွေးတာ ဘာမှ မရှိသေးဘူး။ ကျောင်းသားတွေနဲ့ ပြန်ညှိနှိုင်းပြီးမှ လုပ်ရမယ် ထင်တယ်။ အမျိုးသားနေ့ ဆိုတာကတော့ ပိုအဓိပ္ပါယ်ရှိတာပေါ့" ဟု ပြောသည်။

ချင်းအမျိုးသားတပ်ဦး CNF မှ ပြောခွင့်ရ ဒေါက်တာဆလိုင်းအင်ဒရူးငွန်ကျုံးလျန်က "အဲဒီနေ့ဟာ ဘယ်လိုနည်းနဲ့မှ ချင်းပြည်နယ်နေ့မဖြစ်နိုင်ဘူး။ ချင်းပြည်နယ်ဆိုတာ မဆလ တက်လာပြီး ၁၉၇၄ အခြေခံဥပဒေတည်ပြီးတဲ့နောက်ပိုင်းမှာမှ ဖြစ်တာ။"

" အဲဒီနေ့ကို ချင်းပြည်နယ်နေ့လို့ သတ်မှတ်ကျင်းပတာဟာ မှားယွင်းတဲ့ အတွေးအခေါ်လည်းဖြစ်တယ်၊ အယူအဆလည်းဖြစ်တယ်၊ လုပ်ဆောင်မှုလည်းဖြစ်တယ်။ ချင်းအမျိုးသားနေ့ရဲ့ အနှစ်သာရက ဘာလို့ နက်ရှိုင်းလဲဆိုရင် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကူးပြောင်းဖို့ ဖြစ်တဲ့အတွက် ဒီဟာက အနှစ်သာရရှိတယ်" ဟု ပြော သည်။

၁၉၄၈ ဖေဖော်ဝါရီလ ၁၉ မှ ၂၂ ရက်နေ့ထိ ဖလမ်းမြို့၌ ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံကျင်းပခဲ့သည်။ ညီလာခံအတွင်း တီးတိန်ကိုယ်စားလှယ်ထောင်ဇခိုင်း တင်သွင်းခဲ့သောအဆိုအမှတ် ၄ တွင် "လူထုဆန္ဒအရ ဒီမိုကရေစီစနစ်နှင့်အုပ်ချုပ်သည့်စနစ်ဖွဲ့စည်းရန်"ပါရှိသည်။

အဆိုတွင် နယ်ချဲ့အင်္ဂလိပ်တို့အလိုကျ ခန့်ထားသော တိုက်သူကြီးများမှာ ကောက်ပဲသီးနှံ၊ လူခွန်၊ အမဲခွန်များအား မတရားကောက်ခံနေ၍ ဖြုတ်ချရန်နှင့် ရွေးကောက်တင်မြှောက်ထားသည့် လူထုကိုယ်စားလှယ်များပါဝင်သည့် ကောင်စီဖြင့် အုပ်ချုပ်သင့်ကြောင်း ပါရှိသည်။ ထို့နောက် ချင်းရေးရာကောင်စီက ၁၉၅၀ အောက်တိုဘာ ၉ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ဖေဖော်ဝါရီ ၂၀ ရက်နေ့အား 'ချင်းအမျိုးသားနေ့' အဖြစ် ရွေးချယ်သတ်မှတ် ကျင်းပလာခဲ့ကြသည်။

၁၉၅၁ ခုနှစ်က မင်းတပ်မြို့၌ ကျင်းပခဲ့သော ပထမဆုံးအကြိမ် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ဖူးသည်။

---

**စာမျက်နှာ ၁၂ မှ**

လပ်ရေးနေ့အခမ်းအနားပွဲ ကျင်းပခွင့်ရဖို့ မြို့တော်ဝန် ရန်ကုန်တိုင်းဝန်ကြီးချုပ်နဲ့ စည်ပင်သာယာကို တင်ထားတယ်လို့ ဒေါ်သန်းသန်းနုက ပြောပါတယ်။

"စည်ပင်ကလည်း ပြန်လာပြီ၊ အဲဒီရဲ့ဌာနတွေကလည်းပြန်လာပြီ။ စည်ပင်က ပြန်လာတယ်ဆိုတာက မြို့တော်ဝန်ဆီက ပြန်လာတာနဲ့အတူတူပေါ့။ အဲသလိုပဲ ယူဆရတယ်။ အဲဒီထဲကို ဝင်ခွင့်မပေးနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာပေါ့။ ကျမတို့ကလည်း အများပြည်သူထဲပါတာပဲ။ ဒါပေမယ့် ဘယ်လိုထုတ်ခဲ့လိုက်လဲတော့မသိဘူး။ အများပြည်သူနဲ့ သက်ဆိုင်တဲ့ နေရာဆိုတော့ ကျမတို့သွားပြီး အလေးပြုဖို့ ပါတီအနေနဲ့ လုပ်လို့မရဘူး" လို့ပြောပါတယ်။

မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခွင့်ကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားတွေရဲ့ အခွင့်အရေးအဖြစ်ပေးထားပြီးဖြစ်သလို လက်ရှိအာဏာရအစိုးရကလည်း ဥပဒေပြဋ္ဌာန်းခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

ဒီဇင်ဘာ ၅ ရက်နေ့တုန်းကလည်း ဒလမြို့နယ်က တသီးပုဂ္ဂလကိုယ်စားလှယ်တဦးအဖြစ် ဝင်အရွေးခံခဲ့ဖူးတဲ့ ဦးဝင်းချိုခေါင်းဆောင်တဲ့အဖွဲ့က တင်ပြတဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်ကိုလည်း အာဏာပိုင်တွေက ခွင့်မပြုခဲ့ပါဘူး။

# ကျန်းမာရေးနှင့် လုံခြုံရေး

**ခင်မမမျိုး**

နိဒါန်း

"ကျန်းမာရေး၊ လုံခြုံရေး"

ဒီစကားလုံးလေးနှစ်ခုကို အပေါ်ယံအနေနဲ့ ကြည့်လိုက်ရင် ဆက်စပ်တယ်လို့ သိပ်မထင်ရပါဘူး။ ကျန်းမာရေးဆိုတဲ့ စကားလုံးကို ကြားရသူတွေက ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်၊ သူနာပြု၊ "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်" ဆိုတဲ့ စာသား၊ အေအိုင်ဒီအက်စ်၊ ကင်ဆာစတဲ့ ရောဂါဆိုးတွေ၊ ဒဗလျူအိတ်ဂျ်အို၊ ယင်လုံအိမ်သာ ဆောက်လုပ်ရေးစတဲ့ အကြောင်းအရာတွေကိုပဲမြင်ယောင်မိကြမှာဖြစ်ပါတယ်။ လုံခြုံရေးဆိုတဲ့ စကားလုံးကိုကြားရသူတွေကလဲ စစ်တပ်၊ ရဲ၊ လုံခြုံရေးဝန်ထမ်း၊ အကြမ်းဖက်မှု၊ ဗုံးပေါက်ကွဲမှု၊ ဒုစရိုက်မှုပပျောက်ရေး၊ နေတိုးအဖွဲ့၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ စတာတွေကိုပဲ စဉ်းစားမိကြမှာဖြစ်ပါတယ်။

ကျန်းမာရေးလုပ်သားတွေကလဲ နိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ အပြည်ပြည်ဆိုင်ရာလုံခြုံရေးကိစ္စတွေဟာ ကိုယ်နဲ့ မပတ်သက်သလိုပဲ ယူဆမိကြပါလိမ့်မယ်။ လုံခြုံရေးလုပ်သားတွေကလဲ မိသားစုကျန်းမာရေးကိစ္စရပ်ကလွဲရင်ပြည်သူလူထုကျန်းမာရေးဆိုတာ မိမိနဲ့ သိပ်မပတ်သက်တဲ့ရေးရာတခုလို့ပဲ သတ်မှတ်ပါလိမ့်မယ်။ဒါပေမယ့် ၂၁ ရာစု ခေတ်မီတိုးတက်တဲ့ ကမ္ဘာကြီးမှာကျတော့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ လုံခြုံရေးကဏ္ဍတွေဟာ တခုနဲ့တခုအပြန်အလှန်ဆက်စပ်တဲ့ကဏ္ဍတွေဆိုတာကိုလူအများကလက်ခံနားလည်လာခဲ့ကြရပါတော့တယ်။ တိုးတက်တဲ့ နိုင်ငံများရဲ့ နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံတော်လုံခြုံရေးမူဝါဒတွေမှာ ကျန်းမာရေးကဏ္ဍကို ထည့်သွင်းလာကြရသလို၊ ကျန်းမာရေးမူဝါဒမှာလဲ အရေးပေါ်လုံခြုံရေးအခြေအနေတွေ၊ အကြမ်းဖက်တိုက်ခိုက်ခံရမှုအခြေအနေတွေမှာ ပြည်သူ့ကျန်းမာရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းဆောင်တာတွေကို မရှိမဖြစ်ထည့်သွင်းလာကြပါတော့တယ်။ နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်တဲ့ အန္တရာယ်တွေရဲ့သဘောသဘာဝ (Nature of Threats) ကို လေ့လာဆန်းစစ်မှုတွေမှာလဲ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ဆင်းရဲနွမ်းပါးမှု၊အုပ်ချုပ်ရေးညံ့ဖျင်းမှုစတာတွေနဲ့အတူပြည်သူ့ကျန်းမာရေးကိုပါ ထည့်သွင်း ဆန်းစစ်ချက်တွေ ပြုလုပ်လာကြရပါတော့တယ်။

ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှု

၁၉ရာစုမှာ ဥရောပနဲ့ တခြားဒေသတွေအကြားက ကုန်သွယ်မှုတွေ တိုးတက်လာခဲ့ပါတယ်။ ကုန်သွယ်မှု တိုးတက်လာမှုနဲ့အတူ တပြိုင်တည်းတိုးတက်လာခဲ့တာကတော့ ကူးစက်ရောဂါ ပိုးမွှားတွေပဲဖြစ်ပါတယ်။ ဒီအခါမှာ ရောဂါဘယဆိုတာ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို ထိခိုက်စေနိုင်တဲ့ အန္တရာယ်တခုအနေနဲ့ သတ်မှတ်လာခဲ့ကြပြီးနိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုနဲ့ဖြေရှင်းရမယ့် ပြဿနာတရပ်အနေနဲ့ နိုင်ငံခေါင်းဆောင်များ အသိအမှတ်ပြုလာကြပြီး၊ နိုင်ငံတကာက လက်ခံသဘောတူတဲ့ ကျန်းမာရေးဆိုင်ရာနည်း ဥပဒေတွေ ပြဋ္ဌာန်းလာခဲ့ကြပါတယ်။ ဒါကြောင့် ပြည်သူ့ကျန်းမာရေးကဏ္ဍကို နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုရဲ့ သမိုင်းအစဟာ ၁၉ ရာစု ဥရောပတိုက်ရဲ့ လုံခြုံရေးရာတွက်ချက် အကဲဖြတ်မှုကနေ ဆင်းသက်လာတာလို့ ဆိုနိုင်ပါတယ်။

၂၀ ရာစု အစောပိုင်းကာလများမှာကျတော့ ပြည်သူ့ကျန်းမာရေးနဲ့လုံခြုံရေးအကြားက ဆက်နွယ်မှုတွေက ပိုမိုသိသာထင်ရှားလာခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဒီကာလတွေမှာ ကမ္ဘာနဲ့အဝှမ်းစစ်ပွဲကြီး၊ စစ်ပွဲငယ်လေးတွေဖြစ်ပွားခဲ့လို့ပါပဲ။ နိုင်ငံတခုမှာ စစ်ပွဲတွေရှိနေရင်၊ နိုင်ငံတော်အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုသဏ္ဍာန် အမျိုးမျိုးရှိနေရင် ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်ပေးရာမှာ ထိရောက်မှု အားနည်းပါတယ်။ အဓိက အချက်ကတော့ နိုင်ငံတော်ရဲ့ ကျန်းမာရေးကဏ္ဍမှာ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှု လျော့နည်းလို့ပါပဲ။ဒါကြောင့်လဲ စစ်အသုံးစရိတ်ကြီးမားပြီး၊ ခေတ်မီတပ်မတော်တည်ဆောက်ရေးကိုပဲ အာရုံစိုက်နေတဲ့ အာဏာရှင်နိုင်ငံတွေမှာ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု အားနည်းချက်ရှိတာပဲ ဖြစ်ပါတယ်။ စစ်ပွဲနဲ့ ပဋိပက္ခတွေကြောင့် ပြည်သူ့ကျန်းမာရေးအပေါ်မှာတိုက်ရိုက်အကျိုး သက်ရောက်မှု ဖြစ်တဲ့ သေဆုံးမှု များပြားခြင်းဆိုတာဖြစ်နိုင် သလို သွယ်ဝိုက်အကျိုး သက်ရောက်မှု ဖြစ်တဲ့ ဆေးရုံ၊ ဆေးခန်းပုံမှန်လည်ပတ်မှု ပြတ်တောက်ခြင်း၊ ဆရာဝန်၊ သူနာပြုစတဲ့ ကျန်းမာရေးလုပ်သားတွေ နည်းပါးခြင်း၊ သောက်သုံးရေရှားပါးမှုနဲ့ စစ်ဘေးဒုက္ခသည်များပြားမှုစတာတွေကြောင့် ကူးစက်ရောဂါများဖြစ်ပွားခြင်းစတာတွေလဲဖြစ်စေနိုင်ပါတယ်။

ဒါကြောင့် ဒီကာလတွေမှာ ကျန်းမာရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေကို ကမ္ဘာ့ခေါင်းဆောင်များက အာရုံထားခဲ့ကြပြီး၊ ဒုတိယကမ္ဘာစစ်ပြီးကာလတွေကျတော့ ပြည်သူ့ကျန်းမာရေးကဏ္ဍတိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေကို အလေးပေးဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၄၈ မှာပေါ်ပေါက်လာခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြီးရဲ့လုပ်ငန်းဆောင်တာတွေဟာ ၁၉၇၀ ကာလတွေမှာကျတော့ "လူတိုင်းအတွက် ကျန်းမာရေး" ဆိုတဲ့ဆောင်ပုဒ်နဲ့အတူ အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့ပါတယ်။ အနောက်နိုင်ငံတွေမှာ ကူးစက်ရောဂါပြန့်ပွားနှုန်း တဟုန်ထိုး လျော့ကျသွားပါတယ်။ ဒီလိုအောင်မြင်မှုတွေ ကြီးမားလာခဲ့တာကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာရပ်တွေဟာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပြဿနာတွေအဖြစ်ပဲ သတ်မှတ်ပြီး၊ လုံခြုံရေးရာကိစ္စတွေမှာ ထည့်သွင်းအာရုံစိုက်ခြင်းမရှိကြတော့ပါဘူး။

ဒီအခြေအနေတွေဟာ ၁၉၉၀ ဆယ်စုနှစ်နှောင်းပိုင်းကာလတွေမှာ ပြောင်းလဲလာပါတော့တယ်။ ၁၉၉၉ခုနှစ်၊ အမေရိကန်ပြည်ထောင်

**စာမျက်နှာ ၁၈ သို့**

# ကချင်ပြည် မိုးကောင်းမြို့နယ်ထဲ ဗုံး ၅ လုံးပေါက်ကွဲ လူနှစ်ဦးသေဆုံး

**RFA၊ ဒီဇင်ဘာ ၁၉ ။** ။ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ထဲမှာ ရှိတဲ့ မန္တလေး မြစ်ကြီးနား မီးရထားလမ်းပေါ်မှာ ဒီဇင်ဘာ ၁၈ ရက် မနက်ပိုင်းက ဗုံး ၅ လုံး ပေါက်ကွဲခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့တယ်လို့ ဒေသခံတွေက အာရ်အက်ဖ်အေကို ပြောပါတယ်။

မိုးကောင်းမြို့နယ်နဲ့ ၅ မိုင် အကွာလောက်မှာရှိတဲ့ ထိုးဖူး ကျေးရွာနဲ့ ဆားမော်ကျေးရွာအကြားမှာဖြစ်ပြီး မီးရထားလမ်း မိုင်တိုင်အမှတ် ၆၇၈ (၁၁/၁၂) အနီးက နေရာ နှစ်နေရာမှာ ၂ လုံး တစ်ကြိမ်၊ ၃ လုံး တစ်ကြိမ် ဆက်တိုက် ဗုံးပေါက်ကွဲခဲ့တာလို့ သိရပါတယ်။

မိုးကောင်းမြို့နယ် ရဲစခန်းကရဲအရာရှိက ပေါက်ကွဲမှုနဲ့ ပတ်သက်ပြီး အတည်ပြုပြောဆိုခဲ့ပေမယ့် အသေးစိတ် အချက်အလက် မသိရှိကြောင်း အာရ်အက်ဖ်အေကို ပြောပါတယ်။မနက်လင်းအားကြီး အချိန်မှာ ဗုံးပေါက်ကွဲခဲ့တာဖြစ်ပြီး မိုးကောင်းမြို့ကနေ မန္တလေးကိုထွက်လာတဲ့ မီးရထားတစ်စီးမရောက် ခင်မှာပေါက်ကွဲခဲ့တာလို့ဆားမော်ရွာသားတစ်ဦးက အာရ်အက်ဖ်အေကို ပြောပါတယ်။

"မနေ့က မနက်ပေါ့။ ၃ နာရီလောက်၊ မိုးကောင်းကနေ ထွက်မယ်ဆိုရင် ထိုးဖူးကိုရောက်တယ်။ ထိုးဖူးကနေ ထွက်မယ်ဆိုရင်ဆားမော်ရောက်တယ်။ ထိုးဖူးနဲ့ဆားမော်ကြားပေါ့။ ၂ ခုကွဲတယ်။ အဲဒီမိုင်းခွဲတဲ့နားမှာ သေတာကနှစ်ယောက်၊ လွတ်တာက တစ်ယောက်လို့တော့ ကြားတယ်။ မန္တလာလား၊ တရုတ်ရထားလား မသိဘူး။ သွားတယ်။ သွားတဲ့အခါကျတော့ သံလမ်းမိုင်းကွဲနေတာဖြစ်နေတဲ့ အခါကျတော့ အဲဒီရထားညသြဆွဲပြီးတော့ နောက်ပြန်ဆုတ်လာတယ်၊ချက်ချင်းပဲပြန်ပြင်တယ်"

သေဆုံးခဲ့သူနှစ်ဦးဟာ ဗုံးထောင်ရင်း ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့တာဖြစ်နိုင်ပြီး ဘယ်အဖွဲ့အစည်းကဆိုတာ အတိအကျမသိရဘူးလို့ ဒေသခံတွေက ပြောပါတယ်။

ဗုံးပေါက်ကွဲပြီးနောက် မီးရထားသံလမ်း ကင်းယူထားတဲ့ မိုးကောင်းအခြေစိုက် ခလရ ၁၀၅ တပ်ရင်း တပ်ဖွဲ့ဝင်တွေရဲ့ သေနတ်ပစ်ခတ်သံတွေ ထွက်ပေါ်ခဲ့ပေမယ့် တစ်စုံတစ်ရာ ထူးခြားတာမတွေ့ရဘူးလို့ အခုနက ရွာသားကပဲ ပြောပါတယ်။

ပြီးခဲ့တဲ့တစ်လကျော်ကလည်း အခု ပေါက်ကွဲမှုဖြစ်ခဲ့တဲ့ ဆားမော်ကျေးရွာအနီးက ရထားလမ်းပေါ်မှာပဲ ဗုံးတစ်လုံး ပေါက်ကွဲခဲ့ပေမယ့် ထိခိုက် သေဆုံးမှုမရှိကြောင်း သိရပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

စုဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)ရဲ့ အစီရင်ခံစာမှာ ကူးစက်ရောဂါတွေ ကနေတဆင့် အမေရိကန် ပြည်ထောင်စုရဲ့ လုံခြုံရေးကို ထိခိုက်စေနိုင်မယ့် အန္တရာယ်တွေကို မီးမောင်းထိုးပြ ခဲ့ပါတယ်။ ကူးစက်ရောဂါဆိုးတွေဟာ အမေရိကန်ပြည်ထောင်စုကို သာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နယ်မြေဒေသလုံခြုံရေး၊ နိုင်ငံတကာ တိုးတက်ဖွံ့ဖြိုးရေးနဲ့တည်ငြိမ်ရေးကိုပါ ထိခိုက်နိုင်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဇန်နဝါရီ၊ ၂၀၀၀ ပြည့်နှစ်ရောက်တော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးမှာ အာဖရိကတိုက် လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ခြိမ်းချောက်နေတဲ့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပြဿနာကိုဆွေးနွေးကြပြီး၊ လုံခြုံရေးကောင်စီရဲ့ Resolution 1308 မှာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကူးစက်ပြန့်ပွားမှုကို မထိန်းချုပ်နိုင်ရင် ဒါဟာ လုံခြုံရေးနဲ့တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်မယ်ဆိုတဲ့ အချက်ကို အတိအလင်းဖော်ပြခဲ့ပါတယ်။

လုံခြုံရေးကောင်စီအစည်းအဝေးတုန်းက ဆွေးနွေးခဲ့တဲ့အချက်တွေက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရဲ့ လူမှုတည်ငြိမ်အေးချမ်းမှုနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှု မစ်ရှင်တွေအပေါ် အကျိုးသက်ရောက်မှုတွေကိုပဲ ဦးတည်ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီဆွေးနွေးမှုတွေဟာ ဒီကိစ္စရေးရာတွေမှာတင် မရပ်တန့်ခဲ့ပါဘူး။ ကမ္ဘာ့နိုင်ငံရေးဆွေးနွေးပွဲတွေမှာ နေရာယူလာခဲ့ပြီး၊ များမကြာခင် နှစ်ပိုင်းအတွင်းမှာပဲ နိုင်ငံခြားရေး၊ ပြည်ထဲရေးဝန်ကြီးတွေရဲ့ ကြေညာစာတမ်းတွေ၊ G8 ဆွေးနွေးပွဲတွေဆီ ရောက်သွားခဲ့ပါတော့တယ်။ ၂၁ရာစုရဲ့ ပထမဆယ်စုနှစ် အလယ်ပိုင်းရောက်တော့ နိုင်ငံတော်လုံခြုံရေး agenda တွေ၊ နိုင်ငံခြားရေးမူဝါဒတွေမှာ ကျန်းမာရေးဆိုင်ရာ ကိစ္စရေးရာတွေကိုပါထည့်သွင်းလာကြရပါတော့တယ်။

ကျန်းမာရေးဆိုင်ရာ ပြဿနာရပ်များသည် လုံခြုံရေးဆိုင်ရာ ပြဿနာရပ်များပင်ဖြစ်သည်

ကျန်းမာရေးနဲ့လုံခြုံရေးရာဆက်နွယ်မှုတွေ ၁၉၉၀ နှောင်းပိုင်း ကာလတွေမှာကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာရခြင်းရဲ့အခြေခံအချက်နှစ်ချက်ရှိပါတယ်။ ပထမတချက်ကတော့ စစ်အေးတိုက်ပွဲလွန်ကာလတွေရဲ့ နိုင်ငံတော်လုံခြုံရေးဆိုတဲ့ သဘောတရားကိုကျယ်ကျယ်ပြန့်ပြန့် ရှုမြင်လာကြလို့ပဲဖြစ်ပါတယ်။ ရှေးယခင်ကာ လတွေတုန်းကနိုင်ငံတော်လုံခြုံရေးဆိုတာကို စစ်တပ်၊ ရဲ၊ ထောက်လှမ်းရေးစတဲ့လုံခြုံရေးအဖွဲ့အစည်းတွေကို အသုံးပြုပြီး လူ့အဖွဲ့အစည်းကိုခြိမ်းချောက်လာနိုင်တဲ့ ပြည်တွင်းပြည်ပအန္တရာယ်တွေကိုကာကွယ်ပေးရေး၊ ငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးစတဲ့ ကျဉ်းမြောင်းတဲ့ ရှုထောင့်တွေကနေ ရှုမြင်တတ်ကြပါတယ်။ ဒါပေမယ့် စစ်အေးတိုက်ပွဲလွန်ကာလတွေမှာကျတော့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ ကျယ်ပြန့်တဲ့အတွေးအမြင်တွေ ထွက်ပေါ်လာခဲ့ကြပါတယ်။ စားဝတ်နေရေးမပြေလည်တဲ့ တိုင်းပြည်မှာ ရာဇဝတ်မှုထူပြောတတ်တာ၊ ကျန်းမာရေး၊ ပညာရေး လူမှုအခွင့်အလမ်းတွေမရှိတဲ့ တိုင်းပြည်မှာ လူသားတွေရဲ့လုံခြုံရေးကို စောင့်ရှောက်ပေးဖို့ ခက်ခဲတယ်ဆိုတာကို သိမြင်လာခဲ့ကြပါတယ်။

ဒါကြောင့်လဲ နိုင်ငံတော်လုံခြုံရေးဆိုင်ရာ security agendas တွေမှာ စစ်ရေး၊ ပြည်ထဲရေး ကိစ္စရပ်တွေကိုသာမက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်တွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းလာကြတာဖြစ်ပါတယ်။ ဒါကြောင့်လဲ နိုင်ငံတကာလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးဆိုင်ရာ Risk assessment ပြုလုပ်မှုမှာ "shift from threat to risk allowed security's focus" ဆိုတဲ့ နည်းလမ်းကနေ 'shift from the idea of a clear and present danger to more probabilistic assessment of potential hazards' ကို ပြောင်းလဲသွားခဲ့ပါတယ်။ ဒီလိုပြောင်းလဲမှုတွေဟာ ပြည်သူ့ကျန်းမာရေးကိစ္စရပ်တွေကို လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေထဲမှာ ထည့်သွင်းနိုင်ဖို့ လမ်းဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# မြန်မာ့ အရေး အားပေးထောက်ခံခဲ့သူ ဘားကလက်ဟာဘဲလ် ကွယ်လွန်

**DVB၊ ဒီဇင်ဘာ ၁၉ ။** ။ ချက်ပြည်သူ့သမ္မတနိုင်ငံရဲ့ သမ္မတဟောင်း ဘားကလက်ဟာဘယ် အသက် (၇၅) နှစ်ဟာ မနေ့က အဆုတ်ကင်ဆာရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။

မြန်မာ့ဒီမိုကရေစီရေးကို အားပေးထောက်ခံခဲ့သူ ချက်သမ္မတဟောင်းဟာ ၁၉၉၀ ခုနှစ် နိုဘယ်လ်ငြိမ်းချမ်းရေးဆုအတွက် အမည်တင်သွင်းရာမှာ ဒေါ်အောင်ဆန်းစုကြည်အမည်ကို တင်သွင်းပေးခဲ့သူလည်းဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ အရေးယူနိုင်ဖို့ ၂၀၀၅ နှစ်ကုန်ပိုင်းမှာ တောင်အာဖရိကနိုင်ငံက ဘုန်းတော်ကြီး ဒက်စမွန်တူတူးနဲ့ မြန်မာပြည်ဆိုင်ရာ အစီရင်ခံစာတစောင်ရေးသားပြီး ကုလသမဂ္ဂကို တိုက်တွန်းခဲ့ပါတယ်။

ဘားကလက်ဟာဘယ် အခုလို သေဆုံးသွားတာနဲ့ပတ်သက်ပြီး ပြည်ပရောက် လူ့အခွင့်ရေးလှုပ်ရှားသူတဦးဖြစ်တဲ့ ဒေါ်ခင်ဥမ္မာက အခုလိုပြောပါတယ်။

"ဘားကလက်ဟာဘယ်က ချက်သမ္မတနိုင်ငံမှာ သူ့နိုင်ငံရဲ့ နိုင်ငံခြားရေးပေါ်လစီကို လူ့အခွင့်အရေးကို ရှေ့တန်းတင်ပြီးတော့မှ လူ့အခွင့်အရေးဟာ အရေးအကြီးဆုံး ရှေ့တန်းတင် ဦးစားပေးစဉ်းစားရတဲ့ ပေါ်လစီအဖြစ် ချမှတ်ပေးခဲ့တဲ့ ခေါင်းဆောင်တယောက်ဖြစ်တယ်။ ဒါကြောင့်မို့ သူ့ကို အင်မတန်လေးစားတယ်၊ အင်မတန်လူသားဆန်ပြီးတော့ မာန်မာနမရှိဘူး။ လူသားချင်းစာနာတဲ့ လူ့အခွင့်အရေးပေါ်မှာ လူ့အခွင့်အရေး စံချိန်စံနှုန်းပေါ်မှာပဲ မှန်မှန်ကန်ကန် ရပ်တည်သွားတာတွေ့ရလို့ အင်မတန်မှ နမြောပါတယ်။"

ဘားကလက်ဟာဘယ်ဟာ ပြည်ပအခြေစိုက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအတွက် နိုင်ငံတကာနိုင်ငံရေးလှုပ်ရှားမှုတွေမှာ အမြဲလို ကူညီခဲ့သူပါ။

ပြည်ပမှာဖွဲ့စည်းထားတဲ့ မြန်မာ့အမျိုးသမီးသမဂ္ဂရဲ့ ဒေါ်ခင်စန်းထွေးက အခုလို ပြောပါတယ်။

"သူ့ကိုတွေ့တဲ့အခါ အကယ်၍သာ ကိုယ်က သတင်းတွေဖတ်မထားဘူး၊ သူတို့နိုင်ငံနဲ့ပတ်သက်ပြီး အကြောင်းအရာတွေ ဘာမှမသိဘူးဆိုရင် ဒီလူဟာ ချက်သမ္မတနိုင်ငံရဲ့ သမ္မတဟောင်းတယောက်ဖြစ်တယ်ဆိုတာကိုတောင်မှ မထင်ရက်ဘူး။ ဘာလို့လဲဆိုတော့ သူ့ရဲ့ပုံစံက အရမ်းကို အေးဆေးတည်ငြိမ်ပြီး သူ့ရဲ့ဝတ်စားပုံက အရမ်းကို ရိုးရှင်းတယ်။

ဒါပေမယ့် အားကျစရာ အရမ်းကောင်းတာက သူစကားပြောလိုက်တဲ့အခါမှာ သူ့ရဲ့စကားတွေက သူသုံးတဲ့စကားတွေက အရမ်းကို ခွန်အားဖြစ်စေတယ်။ အတုယူစရာကောင်းတဲ့ လူမျိုးဖြစ်တယ်။ ဘဝမျိုးစုံကို ဖြတ်သန်းခဲ့ရတယ်။ အနုပညာပိုင်းမှာလည်း ပါဝင်ခဲ့ဘူးတယ်။ ဒါရိုက်တာတယောက်လည်းဖြစ်တယ်။ လူ့အခွင့်အရေး လှုပ်ရှားမှုမှာလည်း ပါခဲ့တယ်။

တော်လှန်ရေး ခေါင်းဆောင်တယောက်လည်း ဖြစ်တယ်။ ဒါပေမယ့် ဒီလိုလူတယောက်က ဟိတ်ဟန်မရှိပဲ ရိုးရိုးရှင်းရှင်းနဲ့ တကယ်ပဲကမ္ဘာက အသိအမှတ်ပြုထားတဲ့ ခေါင်းဆောင် တယောက်ဖြစ်တဲ့အပေါ်မှာ အရမ်းကို အားကျပြီးတော့မှ အတုယူချင်စရာလည်းကောင်းတယ်ပေါ့။"

ဘားကလက်ဟာဘယ်ဟာ ချက်ကိုစလိုဘက်ကီးယားနိုင်ငံကို ကွန်မြူနစ်အစိုးရ အုပ်ချုပ်နေစဉ်မှာ ၅ နှစ်ကြာ အကျဉ်းချခံခဲ့ရပြီးနောက် လွတ်လပ်တဲ့ ချက်သမ္မတနိုင်ငံရဲ့သမ္မတအဖြစ် ၁၉၈၉ ခုနှစ်ကနေ ၁၉၉၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

သူဟာ ပြဇာတ်ရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာတဦးဖြစ်ပြီး သူရေးသားထားတဲ့ The Power of the powerless (အာဏာမဲ့သူတွေရဲ့ အစွမ်းသတ္တိ) စာအုပ်ဟာ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်မကြာခဏ ကိုးကားလေ့ရှိတဲ့ စာအုပ်တအုပ်လည်းဖြစ်ပါတယ်။

---

## ထိုင်းဝန်ကြီးချုပ်ဟောင်း စစ်ခေါင်းဆောင်ဟောင်းတွေနဲ့တွေ့

**RFA၊ ဒီဇင်ဘာ ၁၉ ။** ။ ပြည်ပရောက် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် ရှင်နာဝပ်ထရာဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့က မြန်မာနိုင်ငံကို သွားရောက်ခဲ့ပြီး စစ်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ လက်ရှိ သမ္မတဦးသိန်းစိန်အပါအဝင် မြန်မာအာဏာပိုင်တွေနဲ့ တွေ့ဆုံခဲ့ကြောင်း ဘန်ကောက်ပို့စ်သတင်းစာကို အတည်ပြုပြောဆိုလိုက်ပါတယ်။

သူ့ရဲ့ခရီးစဉ်ဟာ ညီမဖြစ်သူ ထိုင်းဝန်ကြီးချုပ် ယင်လတ်ရှင်နာဝပ်ထရာ မြန်မာပြည်ကိုသွားတဲ့အခါ အဆင်ပြေ ချောမွေ့စေဖို့အတွက် ဖြစ်တယ်လို့ဆိုပါတယ်။ ယူအေအီးနိုင်ငံ ဒူဘိုင်း မြို့တော်မှာရှိနေတဲ့ ဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို ဘန်ကောက်ပို့စ် သတင်းစာက တယ်လီဖုန်းကတဆင့် ဆက်သွယ်မေးမြန်းခဲ့ရာမှာ မြန်မာပြည်ခရီးစဉ်ကို အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။

မြန်မာပြည်မှာ လက်ရှိ သမ္မတဦးသိန်းစိန်နဲ့တွေ့ဆုံခဲ့သလို ယခင်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့လည်း တွေ့ဆုံခဲ့ကြောင်း၊ ဒ့ါအပြင် ဝန်ကြီးချုပ် ယင်လတ်အနေနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပါ တွေ့ဆုံနိုင်ဖို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း ပြောဆိုပါတယ်။

မစ္စယင်လတ်နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံရေးမှာ အရေးကြီးတဲ့အချက်နှစ်ချက်ရှိကြောင်း၊ ပထမအချက်အနေနဲ့ မြန်မာအတွက် ထိုင်းဟာ အရေးပါတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပြီး၊ ဒီတွေ့ဆုံမှုဟာ ထိုင်း နိုင်ငံဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ ပထမဆုံးအကြိမ် တွေ့ဆုံတာဖြစ်ကြောင်း၊ဒီလိုတွေ့ဆုံမှုမျိုးကို မြန်မာအစိုးရအနေနဲ့အရင်က ခွင့်ပြုလေ့မရှိကြောင်း မစ္စတာသက်ဆင်ကပြောပါတယ်။ ဒုတိယအချက်ကတော့ ထိုင်းအစိုးရဟာ မြန်မာ့ဒီမိုကရေစီရေးကို အားပေးတယ်ဆိုတာကမ္ဘာကို ပြသလိုက်တာဖြစ်တယ်လို့ ဆိုပါတယ်။

ဝေဖန်သုံးသပ်သူတွေကတော့ -မစ္စယင်လတ်ရဲ့ မြန်မာပြည်ခရီးစဉ်ဟာ စွမ်းအင်နဲ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် အဓိကဖြစ်ပြီး ဒီလုပ်ငန်းတွေကနေ မစ္စတာသက်ဆင်နဲ့ သူရဲ့စီးပွားရေးအပေါင်းအပါတွေ အကျိုးရှိဖို့ အတွက်သာ ဖြစ်လိမ့်မယ်လို့ ပြောဆိုကြပါတယ်။

ထိုင်းဝန်ကြီးချုပ်ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံတဲ့အခါ ပြည်ပထွက်လို့ရမယ်ဆိုရင် ထိုင်းနိုင်ငံကို လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်မှာဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောဆိုပါတယ်။

# စစ်ပြေးဒုက္ခသည်တွေကို ကူညီဖို့ လူ့အခွင့်အရေးအဖွဲ့ အစိုးရကို တိုက်တွန်း

**DVB၊ ဒီဇင်ဘာ ၂၁ ။** ။ ကချင်စစ်ပြေးဒုက္ခသည်တွေကို ရေရှည် ကူညီသွားဖို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က မြန်မာ အစိုးရကို ဒီကနေ့ တိုက်တွန်းလိုက်ပါတယ်။

ကချင်စစ်ပြေးဒုက္ခသည်တွေကို ကူညီရာမှာ ခံယူချက်ရှိရှိဖြင့် ရေရှည်ကူညီသွားဖို့ အကူအညီပေးဖို့ နယူးယောက်ခ်အခြေစိုက် အခွင့် အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က ကြေညာချက်ထုတ်ပြန်ပြီး မြန် မာအစိုးရကို ခုလို တိုက်တွန်းလိုက်တာပါ။

ဇွန်လကတည်းက မြန်မာအစိုးရတပ်နဲ့ ကချင်လွတ်မြောက် ရေးတပ်မတော်တို့အကြား ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကြောင့် ကချင် ပြည်နယ်က ရွာသား ၅ သောင်းခန့်ဟာ တရုတ်-မြန်မာနယ်စပ်တွေကို တိမ်းရှောင်နေရပြီး လူသားချင်းစာနာတဲ့ အထောက်အပံ့တွေ လိုအပ် နေတယ်လို့လည်း ထုတ်ပြန်ချက်မှာ ရေးသားထားပါတယ်။

ဒုက္ခသည်တွေကိုကူညီဖို့ တိုက်တွန်းရတဲ့အကြောင်းရင်းနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ရဲ့ ဒေးဗစ် မက်သီ ဆန်က အခုလိုပြောပါတယ်။

"ဒီကိစ္စကို အာရုံစိုက်လာအောင်လို့ အခုလိုလုပ်ရတာဖြစ်တယ်။ ဒါဟာ မြန်မာအစိုးရတခုတည်းရဲ့ အရေးမဟုတ်တော့ပါဘူး၊ နိုင်ငံတ ကာအကူအညီပေးရေး အဖွဲ့အစည်းတွေနဲ့ မြန်မာနိုင်ငံက လူမှုရေး အဖွဲ့တွေကလည်း အာရုံစိုက်ကူညီဖို့ မျှော်လင့်ပါတယ်။ အပစ်ရပ်ဖို့ တွေပြောနေတာ မဟုတ်ပါဘူး။ ကျနော်တို့က လူသားချင်းစာနာတဲ့ အကူအညီနဲ့ လူ့အခွင့်အရေးအတွက်ကိုပဲ ပူပန်မိပါတယ်။ အကူအညီ တွေရဖို့ ထွက်ပြေးတိမ်းရှောင်နေရတဲ့ ဒုက္ခသည်တွေက တကယ်ကို လိုအပ်နေလို့ပါ။"

မြန်မာအစိုးရက ဒုက္ခသည်တွေကို အကူအညီပေးဖို့ ဒီဇင်ဘာအ စောပိုင်းမှာ ကုလသမဂ္ဂကို ခွင့်ပြုခဲ့တဲ့အတွက် ဒီဇင်ဘာ ၁၂ ရက် မှာ တော့ လိုင်ဇာအနီးက ဒုက္ခသည်တွေအတွက် အကူအညီတွေကို ပေး ခဲ့ပါတယ်။

အစိုးရတပ်က အရပ်သားတွေကို တိုက်ခိုက်မှုများအပြင် အစိုး ရတပ်နဲ့ ကေအိုင်အေတို့အကြား ကလေးစစ်သားနဲ့ မြေမြှုပ်မိုင်းသုံး စွဲမှုတို့ဟာလည်း နိုင်ငံတကာ ဥပဒေချိုးဖောက်မှုဖြစ်တယ်လို့ လူ့အခွင့် အရေးအဖွဲ့က မှတ်တမ်းတင်ထားတယ်လို့လည်း အစီရင်ခံစာမှာ ဖော် ပြထားပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းဘက်မှာလည်း ခိုလှုံနေ တဲ့ စစ်ပြေးဒုက္ခသည် ၅၀၀ ခန့်အတွက်တော့ ကုလသမဂ္ဂက အကူ အညီတစုံတရာ မရောက်လာသေးဘူးလို့ ကချင်ဒုက္ခသည်တွေကို အ ကူအညီပေးနေတဲ့ ကချင်လူငယ် ကော့ဂျာက ပြောပါတယ်။

"အခုကျအရမ်းအေးလာပြီဆိုတော့ သိတဲ့အတိုင်းပဲ ကင့် မ်ဆိုလည်း ဒီမိုးကာနဲ့လုပ်ထားတာပေ့ါ။ ဌာနဆိုင်ရာက အကူအညီ တော့ မလာဘူး။ ဒါပေမယ့် တရပ်ကွက်ဝင် တရပ်ကွက်ထွက်ပြီးမှ ဒီမှာဒုက္ခသည်တွေ ရောက်နေတာကြားတယ်။ ဒါကြောင့် တတ်နိုင် သမျှ လာကူညီကြပါဆိုပြီးမှတော့ ကြေညာပေးတာပေ့ါ။ နောက်ပြီး အဲဒီတာဝန်ခံတွေပြောတာက မီဒီယာနဲ့ပတ်သက်ပြီးတော့ နင်တို့သ တင်းတွေ ဓာတ်ပုံတွေက အင်တာနက်ပေါ်မရောက်စေနဲ့ပေ့ါ။ ဓာတ်ပုံ တွေလည်း မရိုက်ပေးပါနဲ့ပေ့ါ။"

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: mgthuka@gmail.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**